မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းက ထူထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၂၆ ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၆၄)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုးနဲ-ကျိုင်းတုံ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်

နေပြည်တော် ဇွန် ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့တော်ခန်းမ၌ ကျင်းပသော ၂၀၀၉-၂၀၁၀ ခုနှစ် မိုးစပါးနှင့် နွေစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူးက ရှမ်းပြည်နယ်(အရှေ့ပိုင်း)စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လယ်ယာစိုက်ပျိုးရေးကို အခြေခံ၍ ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ ဒေသကုန်ထုတ်လုပ်မှု တိုးချဲ့ဆောင်ရွက်ရေးနှင့် သဘာဝသစ်တောများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို မှာကြားကာ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက မိုးစပါးနှင့် နွေစပါးစိုက်ပျိုး ထုတ်လုပ်မှုထူးချွန်ဆု အထူးဆုနှင့်

စာမျက်နှာ ၉ ကော်လံ ၆ ❍

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မိုးနဲ-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ရေး မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးတိုက်ဖျက်သည့်လုပ်ငန်းစဉ်ကြီးကို ပြည်သူတစ်ရပ်လုံး ညီညွတ်စွာ အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်း

ရန်ကုန် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဦးမောင်ဦးထံမှ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေး အထိမ်းအမှတ် အခမ်းအနားများ ကျင်းပလျက်ရှိနေကြမည်ဖြစ်သကဲ့သို့ ကျွန်ုပ်တို့ မြန်မာနိုင်ငံတစ်ဝန်း၌လည်း မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာအခမ်းအနားနှင့် လှုပ်ရှားမှုများကို ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက် ကျင်းပနေကြပေလိမ့်မည်ဟု ယုံကြည်ပါသည်။

ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာများကို ခေတ်အဆက်ဆက် အစိုးရများမှ မိမိနိုင်ငံ၏ ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်များပေါ် အခြေခံလျက် ဖြေရှင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ၁၅နှစ်စီမံကိန်းရေးဆွဲ၍ ပထမ၊ ဒုတိယ ငါးနှစ်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ယခု တတိယ ငါးနှစ်စီမံကိန်းကာလကို ရောက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါး ပပျောက်ရေးဆိုင်ရာလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ စသည်တို့နှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့၍ မူးယစ်ဆေးဝါး ပြစ်မှုကျူးလွန်သူများကို ပြည်ပနိုင်ငံများတွင် ဖမ်းဆီးရမိပြီး မြန်မာနိုင်ငံ၌ တရားစွဲတင်နိုင်ခဲ့ခြင်းမှာ တားဆီးနှိမ်နင်းရေးကဏ္ဍ၏ အောင်မြင်မှုများပင် ဖြစ်ပါသည်။

များစွာအထောက်အကူပြု

မူးယစ်ဆေးဝါးကင်းစင်လုံခြုံသော ပတ်ဝန်းကျင်ဖြစ်စေရန် ရည်ရွယ်ပြီး မူးယစ်ဗဟိုအဖွဲ့၏ လုပ်ငန်းအဖွဲ့အသီးသီးမှလည်း စီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်စေရေးအတွက် သက်ဆိုင်ရာကျောင်းများတွင် ပညာပေးဆွေးနွေးခြင်း၊ စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ စသည့်ပြိုင်ပွဲများတွင် ကျောင်းသားလူငယ်များအား အဓိက ပါဝင်ယှဉ်ပြိုင်စေခြင်းဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုကာကွယ်သည့် ပညာပေးရေးလုပ်ငန်းကို များစွာအထောက်အကူ ပြုစေခဲ့ပါသည်။

ပြန်လည်ထူထောင်ရေး

မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မူးယစ်ဆေးဝါးသုံးစွဲသူများအား ကျန်းမာရေးဦးစီးဌာနတွင် ဆေးကုသမှု ခံယူစေပြီးနောက် ပြန်လည် ထူထောင်ရေးစခန်းများတွင် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးလျက်ရှိပြီး မူးယစ်ဗဟိုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရွှေပြည်သာ၊ ရွှေပြည်အေး၊ ရွှေပြည်သစ် လူငယ်ပြုစုပျိုးထောင်ရေးစခန်း သုံးခုကိုဖွင့်လှစ်၍ မူးယစ်ဆေးစွဲသူများ ဆေးကုသပေးခြင်းနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဤနှစ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအထိမ်းအမှတ်နေ့၏ ဦးတည်ချက်နှင့်ပတ်သက်ပြီး ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) မှ ချမှတ်ပေးလိုက်သော ၂၀၁၀ခုနှစ် ဆောင်ပုဒ်မှာ **'ကျန်းမာပျော်ရွှင်နေနိုင်ဖို့ မူးယစ်ဆေးဆို ရှောင်ကြစို့'** "THINK HEALTH not drugs" ဟူ၍ ဖြစ်ပါသည်။

တည်ရှိနေ

အဆိုပါ ဆောင်ပုဒ်၏ရည်ရွယ်ချက်မှာ လူသားတိုင်း၏ ကိုယ်ရောစိတ်ပါ ကျန်းမာမှု၊ ကာယဉာဏအခြေအနေ တိုးတက်ကောင်းမွန်မှုရှိမှသာ လူသားထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် အောင်မြင်မှုရရှိနိုင်သည်ဟု ဖော်ညွှန်းပါသည်။ ကမ္ဘာနှင့်အဝန်း ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများကို အာရုံပြုရှေးရှုနေကြချိန် အခြားတစ်ဖက်မှလည်း အဖျက်အမှောင့်၊ အနှောင့်အယှက်တစ်ခုဖြစ်သော လူသားများ၏ စိတ်ကျန်းမာရေး၊ ကိုယ်ကြံ့ခိုင်ရေးကို ဆုတ်ယုတ်စေနိုင်သည့် မူးယစ်ဆေးဝါးများကို အပင်အခြေခံ (Plant Based) မူးယစ်ဆေးဝါးမှသည် ဓာတ်ခွဲခန်းထုတ် (Synthetic drugs) များအဖြစ် တီထွင်ထုတ်လုပ်ဖြန့်ဖြူးနေမှုများ ရှိနေပေသည်။ မူးယစ်ဆေးဝါးအမျိုးမျိုးမှာ သုံးစွဲသူလူသားမည်သူမဆို ဆိုးကျိုးအန္တရာယ်ကိုသာပြုနေပေရာ လူ့ဘောင်လောကအတွက် ထိခိုက်ဆုံးရှုံးစေသော ကြီးမားလှသည့် ခြိမ်းခြောက်မှုကြီးအဖြစ် တည်ရှိနေပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ ခုနှစ် ဇွန် ၂၆ ရက်)

ကမ္ဘာ့လူသားအားလုံးအတွက်အန္တရာယ် ဝိုင်းဝန်းတိုက်ဖျက်ကာကွယ်

ဇွန် ၂၆ရက်(ယနေ့)သည် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်သည်။ နိုင်ငံအသီးသီး၏ စီးပွားရေး၊ လူမှုရေး၊ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ခြိမ်းခြောက်နေသော မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု ပြဿနာအားလုံးကို နိုင်ငံအားလုံးက ဝိုင်းဝန်းတိုက်ဖျက် သွားရမည်ဖြစ်သည်။

မူးယစ်ဆေးဝါး အန္တရာယ်ဆိုးကြီးနှင့် ကင်းဝေးရန်ဆောင်ရွက်ရာ၌ လူအများ နားလည်သဘောပေါက်ရန်၊ ပညာပေးရန်လည်း အထူးလိုအပ်ပေသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် အထူးသဖြင့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်စသော ရောဂါဆိုးများရရှိပြီး သေဆုံးကြရသည်။ မူးယစ်ဆေးဝါးကို မည်သည့်နည်းနှင့်မျှ သုံးစွဲခြင်းမရှိရန် ပြည်သူလူထုအတွင်းနှင့် ကျောင်းသားလူငယ်များအတွင်း အသိပညာပေး လှုံ့ဆော်ခြင်းလုပ်ငန်းနှင့် ပညာပေးစည်းရုံးခြင်းတို့ကို အလေးအနက်ထား ဆောင်ရွက်ကြရမည် ဖြစ်သည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် မသက်ဆိုင်သည့် ဓာတုပစ္စည်းများကိုအခြေခံ၍ သိပ္ပံနည်းအရ ဖော်စပ်ထုတ်လုပ်သည့် ဆေးပြားများနေရာယူစေသည့်အတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပြည်တွင်း၌သာမက အိမ်နီးချင်းနိုင်ငံများရှိ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့များနှင့် အပြန်အလှန်သတင်းများ ဖလှယ်ကြပြီး ပြည်တွင်းပြည်ပ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်နေသည့် ဂိုဏ်းများကို တိုးမြှင့်ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၈ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံ၏ အကြိမ်(၂၀)မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အထူးအစည်းအဝေးက ချမှတ်ထားသော နိုင်ငံရေးကြေညာစာတမ်းပါ မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ သုံးစွဲမှုလျှော့ချရေး၊ တားဆီးနှိမ်နင်းရေး၊ တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါး ထုတ်လုပ်မှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုဆောင်ရွက်နေသကဲ့သို့ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးကဏ္ဍကိုလည်း မူးယစ်ဗဟိုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရွှေပြည်သာ၊ ရွှေပြည်အေး၊ ရွှေပြည်သစ် လူငယ်များပြုစုပျိုးထောင်ရေး ဌာနသုံးခုဖွင့်လှစ်၍ မူးယစ်ဆေးစွဲသူများအား ဆေးကုသပေးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးကို ထိရောက်စွာ တိုက်ဖျက်လျက်ရှိပေသည်။

လူသားတစ်ရပ်လုံးအား ကောင်းကျိုးမပေးသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မြန်မာ့မြေပေါ်တွင်သာမက ကမ္ဘာ့မြေပေါ်၌ပါ လုံးဝပပျောက်သွားရန် အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် လက်တွဲပါဝင် ဝိုင်းဝန်းတိုက်ဖျက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အရာတော်(၂) မြစ်ရေတင်စီမံကိန်းနှင့် နွေစပါးစိုက်ပျိုးရိတ်သိမ်းမှု

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၅

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၆ရက်က မုံရွာခရိုင် အရာတော်မြို့နယ် မကျီးဓောက်ကျေးရွာအနီးရှိ အရာတော်(၂) မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ တိုင်းမှူးသည် မြစ်ရေတင်မှ မိုးစပါးစိုက်ပျိုးနိုင်ရေးအတွက် ရေတင်ပေးပို့နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် တိုင်းမှူးသည် မကျီးဓောက်ကျေးရွာကျေးလက်ကျန်းမာရေးဌာနသို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

သက်လျှင်စပါးစိုက်ခင်း

ယင်းနောက် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် စိုင်နိုင်ကြီးကျေးရွာရှိ နွေစပါးစံပြစိုက်ကေများအတွင်း တောင်သူတစ်ဦး၏ ရက် ၉၀ သက်လျှင်စပါးစိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှုအခြေအနေကိုလည်းကောင်း၊ ရွှေဘိုမြို့နယ် တဂဏန်းကျေးရွာရှိ တောင်သူတစ်ဦး၏ ရက် ၉၀ သက်လျှင်စပါးစိုက်ခင်း ရိတ်သိမ်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အခြေခံပညာအလယ်တန်းကျောင်းခွဲ ဖွင့်ပွဲ ပုသိမ်မြို့နယ် တိုက်ကြီးကုန်းကျေးရွာ၌ ကျင်းပ

ပုသိမ် ဇွန် ၂၅

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့နယ် တိုက်ကြီးကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၁၁ နာရီက တိုက်ကြီးကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲခန်းမ၌ ကျင်းပသည်။

ဝိုင်းဝန်းကြိုးပမ်း

ရှေးဦးစွာ ဧရာဝတီတိုင်း တိုင်းပညာရေးမှူး(စစ်ဆေးရေး) ဦးမြင့်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးကြည်အောင်က လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး မှာကြားသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ ကျောင်းအုပ် ဆရာမကြီး ဒေါ်တင်မြင့်က ကျောင်းသမိုင်းကို ရှင်းလင်းတင်ပြပြီးနောက် တိုက်ကြီးကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်း ပညာရေးမှူး(စစ်ဆေးရေး) ဦးမြင့်ခိုင်နှင့် ရပ်မိရပ်ဖ ကျေးရွာဥက္ကဋ္ဌ ဦးအုန်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ) (ခရိုင် ပြန်/ဆက်)

ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

သန်လျင်မြို့ သန့်ရှင်းသပ်ရပ်မှုရှိနေစေရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရပ်ကွက်အသီးသီးတွင် ဆောင်ရွက်လျက်ရှိရာ ပဲခူးစုရပ်ကွက် အထက(၃)ရှေ့ရှိ ဗိုလ်ချုပ်နေဝင်းလမ်း ဘေးဝဲယာရေမြောင်းအတွင်းမှ အမှိုက်သရိုက်များဆယ်ယူခြင်း၊ အဖွဲ့ပိုင် မြေကော်စက်ယန္တရားဖြင့် နုန်းမြေများတူးဖော်နေခြင်းအား လက်ထောက်အင်ဂျင်နီယာ ဦးစိုးသိမ်းနှင့်အဖွဲ့ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့ ဇွန် ၁၆ရက်က ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၆-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ် ဇောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ဆန္ဒောဝါဒ သုတ္တန်**တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဒေါက်တာ နန္ဒမာလာဘိဝံသ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	(၃၇)နှစ်မြောက်အာစရိယပူဇော်ပွဲ 1st Matsushima Cup Full Contact Kyokushin Karate Tournament Myanmar
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၈)
၈:၃၀	သလ္လာဝတီမြို့တော်မှ သန်းကုဋေအောင်၏ မြတ်သောအလှူ
၈:၅၅	ပဲခူးတိုင်းအတွင်း မိုးစပါးစိုက်ပျိုးမှုအတွက် IBTC မှ
၉:၁၅	Activities in the City (အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ)
၉:၃၅	Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၃၀	မြင်ကွင်းထဲမှ ရိုက်ချက်များ
၁၀:၄၀	ဝိနည်းတော်နှင့်ညီသည့် သင်္ကန်းဟူသည်
၁၀:၅၅	သွားမယ်စားမယ် (ရွှေစားဖွယ်စုံ)
၁၁:၂၅	အဓိဋ္ဌာန်ပြုကာဆုတောင်းမြွေမည် ဦးရာဇ်တော်စေတီ
၁၁:၄၀	**အမွန်မြတ်ဆုံးလက်ဆောင်** နေရဲလင်း၊ နှင်းဥ၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ-မောင်မောင်မြင့်)
၁၂:၀၅	လောကအလင်းရောင် ဝိပဿနာ ဉာဏ်တန်ဆောင်
၁၂:၁၅	လောကီလောကုတ္တရာ နှစ်ဖြာချမ်းသာဝိသာခါ
၁၂:၃၀	မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန်(၃) (အူမကြီးနှင့် အစာဟောင်းအိမ်ကင်ဆာ)
၁:၀၀	**ဆန္ဒောဝါဒ သုတ္တန်**တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဒေါက်တာ နန္ဒမာလာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Fashion Music Festival (Romantic Couple-1)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၈)
၄:၀၅	Activities in the City (အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ)
၄:၂၅	ပဲခူးတိုင်းအတွင်း မိုးစပါးစိုက်ပျိုးမှုအတွက် IBTC မှ
၄:၄၅	Shooting Making (အမုန်းရဲ့အတ္ထုပ္ပတ္တိ)
၅:၀၅	သလ္လာဝတီမြို့တော်မှ သန်းကုဋေအောင်၏ မြတ်သောအလှူ
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	သွားမယ်စားမယ် (ရွှေစားဖွယ်စုံ)
၆:၄၅	ဖန်တီးသူနှင့် အနုပညာ (ချမ်းချမ်း) (အပိုင်း-၂)
၇:၁၅	Fashion Music Festival (Romantic Couple-1)
၈:၀၀	MRTV-4 သတင်း
၈:၃၀	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၈:၅၅	သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ
၉:၁၅	လောကအလင်းရောင်ဝိပဿနာ ဉာဏ်တန်ဆောင်
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၈)
၁၀:၀၀	မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန်(၃)(အူမကြီးနှင့် အစာဟောင်းအိမ်ကင်ဆာ)
၁၀:၂၅	Sports World
၁၀:၄၅	မြင်ကွင်းထဲမှ ရိုက်ချက်များ
၁၀:၅၅	(၃၇)နှစ်မြောက်အာစရိယပူဇော်ပွဲ 1st Matsushima Cup Full Contact Kyokushin Karate Tournament Myanmar
၁၁:၁၀	ဖန်တီးသူနှင့် အနုပညာ (ချမ်းချမ်း) (အပိုင်း-၂)
၁၁:၄၀	Shooting Making (အမုန်းရဲ့အတ္ထုပ္ပတ္တိ)
၁၁:၅၅	သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ
၁၂:၁၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော်၏ မူဝါဒနှင့်အညီ မြန်မာစာပေမြှင့်တင်ရေးလုပ်ငန်းများ တိုးတက်မြင့်မားအောင်ဆောင်ရွက် အရည်အသွေးမြင့်မားသော မီဒီယာသမားကောင်းများဖြစ်စေရေး လေ့ကျင့်ပျိုးထောင်

မြန်မာ့မီဒီယာလောကအား အမျိုးသားအကျိုးစီးပွားအခြေခံသည့် စစ်မှန်သော စတုတ္ထမဏ္ဍိုင်ဖြစ်လာရေးကြိုးပမ်း

နေပြည်တော် ဇွန် ၂၅

ပြန်ကြားရေးဝန်ကြီးဌာနဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်း တက်ရောက်အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆု၊ ပညာသင်ထောက်ပံ့မှုများ၊ နိုင်ငံတော်မှ ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသည့် ဝန်ထမ်းများနှင့် စံပြစက်ရုံဆုရ စက်ရုံတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အထွေထွေမန်နေဂျာများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆုရဝန်ထမ်း သားသမီး ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက အမှာစကား ပြောကြားရာ၌ နှစ်ပတ်လည်နေ့ အခမ်းအနားများကို ဌာနအနေဖြင့် ပြီးခဲ့သည့်နှစ်အတွင်း ဆောင်ရွက်ချက်များ၏ အားနည်းချက်နှင့် အားသာချက်များကိုသုံးသပ်ပြီး အားသာချက် ပိုမိုရရှိအောင် ဆောင်ရွက်ရန်နှင့် ပြီးခဲ့သောကာလအတွင်း လုပ်ငန်းတာဝန်များကို စေတနာထား၍ ထူးချွန်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော စံပြဝန်ထမ်းများ၊ စက်ရုံများအား ဆုချီးမြှင့်ပြီး အနာဂတ်ကာလ၌ ယခုထက်ထူးချွန်ထက်မြက်သော စံပြဝန်ထမ်းများ၊ စက်ရုံများ ပေါ်ထွန်းလာစေရန်၊ လုပ်ငန်းပိုမို အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်စေရန်ဟူသည့် ရည်ရွယ်ချက်(၂)ရပ်ဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ၂၀၀၉-၂၀၁၀ခု ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကြိုးစားသင်ယူ

ပညာရေးနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် ပညာနည်းပညာ ဖွံ့ဖြိုးတိုးတက်နေသော ခေတ်နှင့်အညီ အသိပညာနှင့် နည်းပညာများ ထူးချွန်ထက်မြက်အောင် ကြိုးစားလေ့လာသင်ယူစေလိုသည့် ရည်ရွယ်ချက်ဖြင့် ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ အောင်မြင်သော အနာဂတ်ကို တည်ဆောက်နိုင်ရန်အတွက် ကျောင်းသားကျောင်းသူများအနေဖြင့် ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဆက်လက်ကြိုးစား သင်ယူသွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော် ၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနများကလည်း စိုက်ပျိုး မွေးမြူရေးလုပ်ငန်းဖြင့် ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လေ့ကျင့်ပျိုးထောင်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးနှင့် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မီဒီယာနည်းဖြင့် အစွမ်းကုန် ပါဝင်ဆောင်ရွက်ရန်၊ အသုံးစရိတ်များကိုလျှော့ချပြီး ထုတ်လုပ်မှုနှင့် ဝင်ငွေတိုးတက်ရရှိရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန်၊ Balanced Budget ဖြစ်အောင် ဆောင်ရွက်ရန်၊ နိုင်ငံတော်၏ မူဝါဒနှင့်အညီ မြန်မာစာပေ မြှင့်တင်ရေးလုပ်ငန်းများနှင့် စာပေလောကနှင့် စာပေလောကသားများဘဝ တိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ စာပေလောကသားများ အမျိုးသားအကျိုးစီးပွားဘက်မှ ပိုမိုပူးပေါင်း ဆောင်ရွက်လာအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ ထိရောက်သော Media ထိုးနှက်မှုများဖြစ်အောင်ဆောင်ရွက်ရန်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကိုင်တွယ်နေသည့် ပုံနှိပ်စက်များအမြဲ Function ဖြစ်နေစေရေးနှင့် ရေရှည်အသုံးပြုနိုင်အောင်ဆောင်ရွက်ရန်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းများအားလုံး ခေတ်နှင့်အညီ တိုးတက်လာစေရေးဆောင်ရွက်ရန်၊ လုပ်ငန်းအပ်နှံလာသော နိုင်ငံတော်အဖွဲ့အစည်း အသီးသီး၏ ပုံနှိပ်လုပ်ငန်းများကို အရည်အသွေး ပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ အဘက်ဘက်မှ ခြိုးခြံချွေတာရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးဇောက်ချဆောင်ရွက်ပြီး ဝန်ထမ်းများ၏ သက်သာချောင်ချိရေး တိုးမြှင့်ဆောင်ရွက်ရန်၊ အမျိုးသား အကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသော Media သမားကောင်းများဖြစ်စေရေး လေ့ကျင့်ပျိုးထောင်ရန်၊ မြန်မာ့မီဒီယာလောကအား အမျိုးသား အကျိုးစီးပွားကို အခြေခံသည့် စစ်မှန်သော စတုတ္ထမဏ္ဍိုင် ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန်ဟူသည့် ချမှတ်ပေးထားသော ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် လုပ်ငန်းတာဝန်များကို ကျေပွန်အောင်မြင်အောင် အစွမ်းကုန် ကြိုးပမ်းထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

မိမိတို့ဝန်ထမ်းများအနေဖြင့် အမျိုးသား အကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသော မီဒီယာသမားကောင်းများအဖြစ် အစဉ်ရပ်တည် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

ထို့နောက် ဝန်ကြီးဦးကျော်ဆန်းက ၂၀၀၉-၂၀၁၀ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ဆက်လက်၍ ဝန်ကြီးဦးကျော်ဆန်းက ၂၀၁၀-၂၀၁၁ခု ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းနေ သားသမီးများအတွက် ထောက်ပံ့ငွေနှင့် ဗလာစာအုပ်များကို ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဦးမြင့်ထွေး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးအောင်ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးဝင်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်တို့ထံ ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးဦးကျော်ဆန်းက ၂၀၀၉-၂၀၁၀ခုနှစ်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူများအား ဆုများပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးက ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် စံပြစက်ရုံဆုရရှိသော ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ စက်ရုံမှူးအား ဆုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ကဏ္ဍအလိုက် ဆုရရှိကြသည့် ပုံနှိပ်စက်ရုံများအတွက် ဆုများကို စက်ရုံမှူးများအားလည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဝန်ထမ်းများအတွက် တူညီဝတ်စုံများကို ဒုတိယအထွေထွေမန်နေဂျာ(စီမံ)ဦးမောင်ဝင်းအားလည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအောက်ရှိ ဌာနခွဲခြောက်ခုမှ ဝန်ထမ်းများ သက်သာချောင်ချိရေးဆောင်ရွက်နိုင်ရန် မတည်ငွေများကို စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန ညွှန်ကြားရေးမှူး ဦးတင့်ဆွေအားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ သင်တန်းထူးချွန်ဆုရ ဝန်ထမ်းများအားလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်းဌာနကြီးခြောက်ခုမှ ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့ကြသည့် စံပြဝန်ထမ်းများအားလည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက နေပြည်တော်ပုံနှိပ်စက်ရုံ၊ အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံနှင့် အောင်ဆန်းပုံနှိပ်စက်ရုံတို့မှ ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့ကြသည့် စံပြဝန်ထမ်းများအားလည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ဂျီတီစီပုံနှိပ်စက်ရုံနှင့် ဗဟိုပုံနှိပ်စက်ရုံတို့မှ ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် စံပြဝန်ထမ်းများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ထမ်းများ၏ ကျောင်းနေသားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတို့မှ ပညာရည်ချွန်ဆု၊ ပညာသင်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ၂၀၀၉-၂၀၁၀ခုနှစ်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထောက်ပံ့မှု၊ သက်သာချောင်ချိရေးဆောင်ရွက်ပေးရန် ထောက်ပံ့ငွေ၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ဆုရရှိသူများနှင့် စံပြစက်ရုံဆုရရှိသူများအား စုစုပေါင်း ငွေကျပ် ၂၂၅၇၅၀၀၀ကို ချီးမြှင့်ထောက်ပံ့ပေးခဲ့သည်။ **(သတင်းစဉ်)**

မုတ်သုံလေဆက်လက်အားကောင်းနေဆဲ

နေပြည်တော် ဇွန် ၂၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်း၌ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအလွန်ကောင်းနေသည်။

ဇွန် ၂၆ ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေဆက်လက်အားကောင်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

၂၀၁၀ခုနှစ် ဇွန်လနောက်ဆုံးရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာ အနှံ့အပြား၊ နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

အိုဘယ့်လူသား စွမ်းအားရှင်တွေ (အိုင်ချင်း)

* ချစ်တဲ့သူငယ်လေ
အိုဘယ့်လူသား၊ စွမ်းအားရှင်တို့ရေ ....

* မာယာဆန်းပြား၊ ဖမ်းစားမြှူဆောင်
မူးယစ်ဆေး၊ သွေးစုပ်ကောင်က
လူ့ဘောင်တစ်ဝန်း၊ ထင်တိုင်းရမ်းတော့
ပန်းကောင်းညှိုးခွေ၊ လွင့်မျောကြွေလို့
အသေစောကြ နှမြောဖွယ်။

* မူးယစ်ဆေးဟူ ရန်သူမျိုးဖျက်
ပွားမရှင် အားအင်ပျက်အောင်
ရမ္မက်မှိုင်းဝေ၊ ယှက်သိုင်းနေလို့
သေပန်းပွင့်ကြ ရင်နင့်ဖွယ်။

* အစွယ်ပြူးပြူး ဘီလူးပုံသွင်
ငရဲပန်း စွဲလမ်းမင်တော့
စမ်းစစ်အခိုက်၊ ကျွမ်းဝင်ကြိုက်လို့
အမိုက်မှောင်တွင်း ဆင်းတော့တယ်။

* ရေလိုက်လွဲမှား၊ ငါးနယ်အဖြစ်မျိုး
မရှန်းသာ မြုံးမှာတိုးတော့
အကျိုးနည်းပေ၊ ဆိုးမွဲတေလို့
သေမင်းထံမှောက် ရောက်တော့တယ်။

* လူသားအားလုံး ပျက်ပြုန်းမယ့်အန္တရာယ်
မူးယစ်ဆေး၊ ဘေးရန်ကွယ်မှ
လူ့နယ်အစွမ်း၊ နုနယ်လန်းလို့
သက်တမ်းကြာရှည် တည်လိမ့်မယ်။

* ကောင်းကျိုးမပေး၊ မူးယစ်ဆေးကို
ဘေးရန်ကာကွယ် တားဆီးမယ်။
ကောင်းကျိုးမပေး၊ မူးယစ်ဆေးကို
ဝေးဝေးရှောင်ဖယ် နှိမ်နင်းမယ်။

* အလိုလေ့အိုင်
လူသားတိုင်းရန်မူ
ဘုံရန်သူ မူးယစ်ဆေး၊
လူ့ကမ္ဘာ၊ သာယာအေးအောင်
အဝေးသို့နှင်၊
အိုဘယ့်လူသား၊ စွမ်းအားရှင်တို့
ပါဝင်စည်းလုံး ချေမှုန်းဖို့သတိ
အသိပိုင်လေး ....။ ။

ရေနံ့သာမောင်ကျော်ညွှန့်



တရုတ်နိုင်ငံ ဟာဘင်မြို့၌ကျင်းပသည့် စက်ရုပ်အိုလံပစ်ပွဲတော်တွင် လူသားစက်ရုပ်စွမ်းရည်ပြသနေဟန်ကို တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

တရုတ်၌ စက်ရုပ်အိုလံပစ်ပွဲတော် ကျင်းပ

ပေကျင်း ဇွန် ၂၅

တရုတ်နိုင်ငံမြောက်ပိုင်း ဟေလုံကျန်ပြည်နယ် ဟာဘင်မြို့၌ နိုင်ငံတကာစက်ရုပ် အိုလံပစ်ပွဲတော်ကို ဇွန် ၂၃ရက်က စတင်ကျင်းပကြောင်း ပြည်နယ်မီဒီယာများက သတင်းထုတ်ပြန်သည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါလူသားစက်ရုပ်ပြိုင်ပွဲတွင် လမ်းလျှောက်ပွဲ၊ အပြေးပြိုင်ပွဲနှင့် ကပြဖျော်ဖြေမှုများဖြင့် ယှဉ်ပြိုင်လျက်ရှိပြီး နိုင်ငံပေါင်း ၁၉နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ကြသည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

ထုတ်ပြန်ကြေညာ

စက်ရုပ်အပြေးပြိုင်ပွဲကို သုံးရက်တာကျင်းပပြီးနောက် ဆုရရှိသည့်စက်ရုပ်များစာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

အမ်အင်န်အေ/ဆင်ဟွာ

ပါကစ္စတန်၌ အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးများ ဆက်လက်ပြုလုပ်သွားမည်ဟု သမ္မတဇာဒါရီပြောကြား

အစ္စလမ္မာဘတ် ဇွန် ၂၅

ပါကစ္စတန်နိုင်ငံ၏ အနာဂတ်မျိုးဆက်များ ခြိမ်းခြောက်ခံရမှုကင်းဝေးစေရေးအတွက် တာလီဘန်စစ်သွေးကြွများအား အပြီးသတ်ချေမှုန်းရန် အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိပါးစေမည်မဟုတ်ကြောင်း သမ္မတအဆစ်အလီဇာဒါရီက ဇွန် ၂၃ရက်၌ ပြောကြားသည်။

ပြောကြား

ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိနေသည့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးနှင့် ဇွန် ၂၃ရက်ကတွေ့ဆုံစဉ် သမ္မတဇာဒါရီက ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ဆွေးနွေး

ထို့ပြင် ပါကစ္စတန်နှင့်ဗြိတိန် နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေး တိုးတက်စေရန်အတွက် ပါကစ္စတန်နိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ဒေသတွင်းကိစ္စရပ်များကို ဆွေးနွေးကြသည်ဟု သမ္မတရုံးတော်က ထုတ်ပြန်ကြေညာသည်။

အမ်အင်န်အေ/ဆင်ဟွာ

သမ္မတအဆစ်အလီဇာဒါရီ

ဂါဇာကမ်းမြောင်နှင့် ပတ်သက်သည့်စွပ်စွဲချက်အပေါ် အစ္စရေးရှောင်လွှဲမရနိုင်ဟု သမ္မတမူဘာရက်ပြောကြား

ကိုင်ရို ဇွန် ၂၅

ပါလက်စတိုင်းလူမျိုးများအား ဂါဇာကမ်းမြောင်တွင် ပိတ်ဆို့ထားသည့်ပြဿနာနှင့် ပတ်သက်သည့်တာဝန်မှ ရှောင်လွှဲမရနိုင်သောကိစ္စမှာ အီဂျစ်နိုင်ငံအပေါ်လည်းပုံမချနိုင်ကြောင်း အီဂျစ်သမ္မတမူဘာရက်က ဇွန် ၂၄ရက်၌ ပြောကြားသည်။

ကြိုးပမ်းအားထုတ်

ဂါဇာကမ်းမြောင်တွင် အစ္စရေး၏ပိတ်ဆို့မှုဖယ်ရှားရန် မိမိတို့ကြိုးပမ်းအားထုတ်နေသည်ဟု မူဘာရက်က အာဏာရအမျိုးသားဒီမိုကရက်တစ် ပါတီဝင်အစည်းအဝေး၌ ပြောကြားသည်။

ပယ်ချ

အစ္စရေးသိမ်းပိုက်ရေးတပ်ဖွဲ့များက ဂါဇာကမ်းမြောင်ပြဿနာနှင့် ပတ်သက်သည့် တာဝန်မှ ရှောင်လွှဲမရနိုင်သလို အီဂျစ်အပေါ်ပုံချသည့်ကြိုးပမ်းမှုများကို မိမိတို့ပယ်ချကြောင်း မူဘာရက်က ပြောကြားသည်။ အီဂျစ်က ရာဖာနယ်စပ်ဖြတ်ကူးလမ်းဖွင့်ပေးရန် ငြင်းဆန်ခဲ့ခြင်းဖြင့် ဂါဇာကမ်းမြောင်အား အစ္စရေးကပိတ်ဆို့ရာတွင် အီဂျစ်က လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း အကူအညီပေးခဲ့သည်။ **(အင်တာနက်)**

လောင်စာဆီတင်ယာဉ်မီးလောင်

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ တိုက်ခိုက်မှုကြောင့် နေတိုးလောင်စာဆီတင်ယာဉ် မီးလောင်ပေါက်ကွဲနေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လော့စ်အိန်ဂျလိစ်မြို့ အိမ်ရာများ၌ လုံခြုံရေးကင်မရာများ တိုးချဲ့တပ်ဆင်မည်

လော့စ်အိန်ဂျလိစ် ဇွန် ၂၅

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ လုံခြုံရေးကင်မရာ ၁၂၅လုံး တပ်ဆင်ရန် စီစဉ်ထားကြောင်း အာဏာပိုင်များက ဇွန် ၂၄ရက်၌ တရားဝင်ထုတ်ပြန်ကြေညာသည်။

အထောက်အပံ့ဖြစ်

ယင်းကဲ့သို့ အိမ်ရာများ၌ လုံခြုံရေးကင်မရာများ တပ်ဆင်ပေးခြင်းဖြင့် ပြစ်မှုကျူးလွန်ခြင်းကို တားဆီးနိုင်မည့်ဥပဒေများအား ပိုမိုအထောက်အပံ့ ဖြစ်စေမည်ဖြစ်သည်ဟု မြို့တော်ဝန် အန်တိုနီရိုဗီလာရာဂိုဆာက ပြောကြားသည်။

အကူအညီပေး

လုံခြုံရေးကင်မရာများကို ကျယ်ပြန့်စွာ အသုံးပြုခြင်းသည် မိသားစုဝင်များ အပါအဝင်ဆွေမျိုးသားချင်းများ၏ ဘေးကင်းလုံခြုံမှုကို တာဝန်ယူဆောင်ရွက်နေရသည့် ရဲတပ်ဖွဲ့ကို အပြည့်အဝ အကူအညီပေးနိုင်မည်ဟု ဆိုသည်။

ကျဆင်း

လော့စ်အိန်ဂျလိစ်မြို့ရှိ အိမ်ရာများ၌ လုံခြုံရေးကင်မရာများ ပထမဆုံးအကြိမ်တပ်ဆင်ပြီးနောက် တစ်နှစ်အတွင်း ပြစ်မှု ၄၀ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ကြောင်း လေ့လာမှု အစီရင်ခံစာများ၌ ဖော်ပြသည်။ **အမ်အင်န်အေ/ဆင်ဟွာ**

အာဖဂန်နစ္စတန် စစ်ပွဲအတွင်း ဗြိတိသျှတပ်ဖွဲ့ဝင် ၃၀၀သေဆုံး

ကဘူးလ် ဇွန် ၂၅

ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး ယခုလစောစောပိုင်းက ဗုံးပေါက်ကွဲမှုကြောင့် ရရှိသည့်ဒဏ်ရာများဖြင့် သေဆုံးခဲ့ရာ အာဖဂန်နစ္စတန်နိုင်ငံတွင် ဗြိတိသျှတပ်ဖွဲ့ဝင်သေဆုံးသည့်ဦးရေသည် ၃၀၀ရှိသွားပြီဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ဇွန် ၂၄ရက်၌ ပြောကြားသည်။

သေဆုံးခဲ့

အာဖဂန်နစ္စတန်တောင်ပိုင်း ဟယ်လ်မန့်ပြည်နယ် ဆန်ဂျင်ခရိုင်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ မရိန်းတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ယင်းဒဏ်ရာဖြင့် ဘာမင်ဂမ်ဆေးရုံတွင် ဇွန် ၂၀ရက်က သေဆုံးခဲ့သည်ဟု ရိုက်တာသတင်း၌ ဖော်ပြသည်။

အာဖဂန်နစ္စတန်၌ ၂၀၀၉ ခုနှစ် တစ်နှစ်တည်း၌ပင် ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၀ကျော် သေဆုံးခဲ့သည်။ ယင်းကြောင့် အာဖဂန်တွင် သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေသည် လွန်ခဲ့သည့် နှစ်နှစ်အတွင်း မြင့်တက်လာခဲ့သည်။

(အင်တာနက်)

ကာဇက်စတန်နှင့်တရုတ် နှစ်နိုင်ငံအကြား လေကြောင်းခရီးစဉ် တိုးချဲ့ပျံသန်းမည်

အယ်လ်မာတီ ဇွန် ၂၅

ကာဇက်စတန်လေကြောင်းကုမ္ပဏီ အက်စ်တာနာသည် တရုတ်နိုင်ငံပေကျင်းမြို့နှင့် ယူရမ်ချီမြို့များအကြား လေယာဉ်ခရီးစဉ်သစ်များ၊ တိုးချဲ့ပျံသန်းပြေးဆွဲရန် စီစဉ်လျက်ရှိသည်ဟု အဆိုပါကုမ္ပဏီက ဇွန် ၂၃ရက်၌ သတင်းထုတ်ပြန်သည်။

အဲဘတ်စ်-၃၂၀ ခရီးသည်တင် လေယာဉ်ကြီးများဖြင့် ပျံသန်းပြေးဆွဲနေသည့် အက်စ်တာနာ၏ လေကြောင်းခရီးစဉ်များကို ဇူလိုင် ၂ရက်မှ စတင်ကာ သီတင်းတစ်ပတ်လျှင် သုံးကြိမ်ပျံသန်းပေးသွားမည်ဖြစ်သည်ဟု ဆိုသည်။

ကာဇက်စတန်နိုင်ငံ အက်စ်တာနာမြို့မှ တရုတ်နိုင်ငံ ယူရမ်ချီမြို့သို့လည်းကောင်း၊ ကာဇက်စတန်နိုင်ငံ အယ်လ်မာတီမြို့မှ တရုတ်နိုင်ငံ ပေကျင်းမြို့သို့လည်းကောင်း လေယာဉ်ခရီးစဉ်များ ပျံသန်းလျက်ရှိကြောင်း အက်စ်တာနာလေကြောင်းကုမ္ပဏီဥက္ကဋ္ဌက ပြောကြားသည်။ **အမ်အင်န်အေ/ဆင်ဟွာ**

စပိန်တောင်ပိုင်းတွင် ရထားတိုက်မှုဖြစ်ပွား ၁၂ဦးသေဆုံး

ဘာစီလိုနာ ဇွန် ၂၅

စပိန်နိုင်ငံတောင်ပိုင်း ဘာစီလိုနာမြို့အနီး ကတ်စတန်ဒီဖေပလေယမီးရထားဘူတာတွင် ဇွန်၂၃ရက်က မီးရထားတစ်စင်းသည် လူငယ်အုပ်စုတစ်စုကို တိုက်မိခဲ့ရာ အနည်းဆုံး ၁၂ဦးသေဆုံးပြီး ၁၇ဦး ဒဏ်ရာရရှိခဲ့ကြောင်း အေပီသတင်းဌာနက ထုတ်ပြန်သည်။

ပြေးဆွဲ

အဆိုပါရထားသည် စပိန်နိုင်ငံ အရှေ့ပိုင်းရှိ ဘာစီလိုနာမြို့မှ အယ်လကန်မြို့သို့ ခုတ်မောင်းနေသော ရထားဖြစ်သည်။

စပိန်နိုင်ငံ၌ ၂၀၀၃ ခုနှစ် ဇွန်လတွင် ဖြစ်ပွားခဲ့သော ရထားမတော်တဆ ဖြစ်ပွားမှုကြောင့် ၁၉ဦး သေဆုံးကာ ၃၈ဦး ဒဏ်ရာရရှိပြီး နောက်ပိုင်း ယခုဖြစ်ပွားခဲ့သော မီးရထားတိုက်မှုသည် အဆိုးရွားဆုံးဖြစ်သည်။ **(အင်တာနက်)**

ဒါဖာ၌ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဒါဖာ ဇွန် ၂၅

ဆူဒန်နိုင်ငံ ဒါဖာမြို့အနောက်ပိုင်း ရဝမ်ဒါဒေသ၌ ဇွန် ၂၃ရက်ကဖြစ်ပွားသည့် တိုက်ခိုက်မှုအတွင်း ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်သုံးဦးသေဆုံးကြောင်း အာဖရိကသမဂ္ဂအဖွဲ့က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ယင်းဖြစ်ပွားမှုသည် ရဝမ်ဒါဒေသရှိ လုံခြုံရေးစစ်ဆေးရေးဂိတ်အသစ် တည်ဆောက်ရေးလုပ်ငန်းခွင်၌ တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

စံချိန်တင်

၂၀၀၃ ခုနှစ်ကတည်းက ဆူဒန်တွင် ဖြစ်ပွားသည့်တိုက်ခိုက်မှုများအတွင်း ဒါဖာ၌ လူပေါင်း ၃၀၀၀၀၀ခန့် သေဆုံးခဲ့ပြီးဖြစ်သည်ဟု ကုလသမဂ္ဂက သတင်းထုတ်ပြန်သည်။ ပြီးခဲ့သည့်လက ဒါဖာ၌ဖြစ်ပွားခဲ့သည့် တိုက်ပွဲများတွင် လူပေါင်း ၆၀၀ခန့်သေဆုံးခဲ့ရာ ၂၀၀၈ခုနှစ် ကတည်းက တိုက်ပွဲများကြောင့် သေဆုံးမှုသည် မေလအတွင်း သေဆုံးမှုအများဆုံးအဖြစ် စံချိန်တင်ခဲ့သည်ဟုဆိုသည်။ **(အင်တာနက်)**

ကုန်စည်ပြပွဲ

တရုတ်နိုင်ငံ ကျန်ကျင်းပြည်နယ် ယီဝမ်မြို့၌ ကျင်းပသည့် နိုင်ငံတကာ ခရီးသွား ကုန်စည်ပြပွဲခင်းကျင်းပြသထားမှုကို ဇွန် ၂၄ ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

26-6 (04).pmd 1 6/26/2010, 2:30 AM

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို ဟသ်ာတ၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

ဟသ်ာတ ဇွန် ၂၅

ဇူလိုင် ၃ရက်နေ့တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဟသ်ာတခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် သစ်တောဦးစီးဌာနတို့ကြီးမှူး၍ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၄ရက် နံနက် ၇နာရီခွဲက ဟသ်ာတမြို့ လယ်တီကွင်းရပ်ကွက် သီရိအောင်မြေ ဖလမ်း၌ ကျင်းပသည်။

ပျိုးပင်များပေးအပ်

အခမ်းအနားတွင် ဟသ်ာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေက ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များသို့ ပျိုးပင်များကိုပေးအပ်ရာ ဒုတိယရဲမှူးကြီး မြင့်ဆွေနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

ဆက်လက်၍ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းထွန်း၊ မြို့နယ်ဦးစီးမှူး ဦးခင်မောင်မြင့်နှင့် ဝန်ထမ်းများက ကျွန်းအပင် ၅၀၀၊ အော်ရေးရှားအပင်၂၅၀၊ ယူကလစ်အပင်၁၅၀နှင့် မဟော်ဂနီအပင် ၁၀၀ စုစုပေါင်း ပျိုးပင် ၁၀၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။ (ဝဲပုံ)

(ခရိုင် ပြန်/ဆက်)

အလှူငွေပေးအပ်

ကမာရွတ်မြို့နယ် အောင်မြေသာစည်လုံးချင်းအိမ်ရာ စိန်ရတနာလမ်း အမှတ် ၆၃ နေ ဒေါ်ခင်ချိုမြင့်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်ငါးသိန်းပေးအပ်လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဆွေတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

နတ်ဖက်တဲ့စုံတွဲများနှင့် နှစ်ကျပ်ကွက်နင်းတဲ့ယောက်ဖ ရုံဝင်လာ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဇွန် ၂၅

ပုညခင်၏ဝတ္ထုကို ကိုရွှေမိုးသက် ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာကိုဇော်(အရဏ်ဦး)ရိုက်ကူးသည့် နတ်ဖက်တဲ့စုံတွဲများ ရုပ်ရှင်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ရုံဝင်လာသည်။

နတ်ဖက်တဲ့စုံတွဲများ

ချမ်းသာသော်လည်း ကပ်စေးနဲသူ လူကြွယ်က သူ့ချစ်သူ မေသတ္တိကို အထင်မကြီးသလို ကျူတာပေါက်စ ဆင်းရဲပကာကလည်း နွမ်းပါးသူ မိုးလုံးမှိုင်းကို စိတ်တိုင်းမကျ။ မပြည့်စုံသော ချစ်သူမို့ ဆင်းရဲပကာ၏ အဖေကလည်း မပေးစားချင်။ ကားကြီးစီးပြီး ကပ်စေးနဲသူ လူကြွယ်ကို အထင်ကြီးပြီး သမီးနှင့်ပေးစားရန်ကြံသည်။ သို့သော် ကြာလေ ဇာတိရုပ်ပေါ်လေဖြစ်လာသော လူကြွယ်နှင့် လူကြွယ့်အမေကြောင့် ဆင်းရဲပကာကလည်း မိုးလုံးမှိုင်းနှင့် ပြန်ပေါင်းထုပ်သွားသလို လူကြွယ်ကလည်း သူ့အနွံတာခံသူမေသတ္တိနှင့် ပြန်ပေါင်းရသော နတ်ဖက်တဲ့စုံတွဲများအဖြစ် ကြည့်ကြရမည် ဖြစ်သည်။

နတ်ဖက်တဲ့စုံတွဲများတွင် ရဲအောင်၊ ပြေတီဦး၊ နန္ဒ၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ သက်မွန်မြင့်တို့ အဓိကပါဝင်ထားသည်။ မန္တလေး၌ ဝင်းလိုက်နှင့် မြို့မရုံများတွင် တစ်ပြိုင်တည်း ပြသနေသည်။

နှစ်ကျပ်ကွက်နင်းတဲ့ ယောက်ဖဇာတ်ကားမှ ပြေတီဦး၊ သက်မွန်မြင့်နှင့် ရန်အောင်။

နတ်ဖက်တဲ့စုံတွဲများဇာတ်ကားမှ စိုးမြတ်သူဇာနှင့် ပြေတီဦးတို့၏ သရုပ်ဆောင်မှုဟန်ပန်။

နှစ်ကျပ်ကွက်နင်းတဲ့ယောက်ဖ

ဩရသ၏ဝတ္ထုကို မြင့်သန်းအောင် ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာညီညီထွန်းလွင် ရိုက်ကူးသည့် **နှစ်ကျပ်ကွက်နင်းတဲ့ယောက်ဖ** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားမှာ နဝဒေးနှင့် မဟာမြိုင်ရုံတွင် ရုံဝင်လာသည်။

အကယ်၍သာ အစ်ကိုဖြစ်သူထွဋ်ခေါင်ကျော်စွာသာ ငွေမမက်ခဲ့လျှင် တစ်ပွင့်ပန်း၏ ချစ်သူ ပိုင်ဆိုင်နှင့် ထိပ်တိုက်တိုးကြမည် မဟုတ်ပေ။ ယခုတော့ မင်းငါ့ညီမကို ငွေမက်ပြီး ချစ်တာ ငါသိတယ်။ မင်းကို ငါငွေပေးမယ်၊ ငါ့ညီမနဲ့ မပတ်သက်နဲ့တော့ ရှော့ငွေဆိုပြီး ငွေတွေထုတ်ပေးလိုက်သောအခါ **နှစ်ကျပ်ကွက်နင်းတဲ့ယောက်ဖ**ဇာတ်လမ်း ဖြစ်လာသည်။

နှစ်ကျပ်ကွက်နင်းတဲ့ ယောက်ဖတွင် ရန်အောင်၊ ပြေတီဦး၊ မေသန်းနု၊ သက်မွန်မြင့်တို့ အဓိကပါဝင်ထားသည်။

ဆွေတစ်ရာမောင်တစ်ကျိပ်

ဒါရိုက်တာမီးပွားရိုက်ကူးသည့် **ဆွေတစ်ရာ မောင်တစ်ကျိပ်** ဇာတ်ကားမှာ ရှေ့ဆောင်၊ စံပြ၊ ရွှေမန်းနှင့် သီတာရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

နိုင်ငံခြားဇာတ်ကားများ

နေပြည်တော်ရုံတွင် လျှို့ဝှက်ဆန်းကြယ်ဇာတ်ကား **Percy Jackson & The Lighting Thief** ဇာတ်ကားပြသနေပြီး မြို့မရုံတွင် အိန္ဒိယတောင်ပိုင်း မင်းသား ဗီဂျေးပါဝင်ထားသည့် **Villu** အချစ်အက်ရှင်ဇာတ်ကားနှင့် ဘုရင့်ရုံတွင် အက်ရှေးကူးမားပါဝင်သည့် **Andaaz** ဇာတ်ကားကို ကြည့်ကြရမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

၂၀၀၉-၂၀၁၀ တက္ကသိုလ်ဝင်စာမေးပွဲ ဟိုပန် အထက အောင်ချက်ရာခိုင်နှုန်းတိုးတက်

ဟိုပန် ဇွန် ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် ဟိုပန်မြို့နယ်၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဖြေဆိုအောင်မြင်သူများစာရင်းကို ဇွန် ၁၃ရက် နံနက်ကထုတ်ပြန်ရာ ဟိုပန် အထက စာစစ်ဌာနမှ ကျောင်းတွင်းဖြေဆိုသူ ၃၈ဦးမှ ၁၁ဦး အောင်မြင်သဖြင့် အောင်ချက် ၂၈ဒသမ ၉၅ရာခိုင်နှုန်း၊ ပြင်ပဖြေဆိုသူ ၂၄ဦးမှ ခြောက်ဦး အောင်မြင်သဖြင့် အောင်ချက် ၂၅ရာခိုင်နှုန်းဖြစ်ကြောင်း မြို့နယ်တွင် စုစုပေါင်းအောင်ချက် ၂၇ဒသမ ၄၁ရာခိုင်နှုန်းဖြစ်သည်။

အောင်ချက်တိုးတက်လာ

၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဖြေဆိုအောင်မြင်သူ ၁၇ဦးတွင် သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် သုံးဦးရရှိရာ ယခင်နှစ်အောင်ချက် ၂၁ဒသမ ၄၁ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက အောင်ချက်ရာခိုင်နှုန်းတိုးတက်လာကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ဟားမတ်စ်တို့ ရုပ်သံအစီအစဉ်ထုတ်လွှင့်မည်

ပါလက်စတိုင်း ဂါဇာကမ်းမြောင်ဒေသရှိ ဂါဇာမြို့တွင် ဟားမတ်စ်တို့က အောအက်ဆာ တီဗွီအစီအစဉ်များကို ပြင်သစ်ဂြိုဟ်တုအကူအညီဖြင့် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ဟားမတ်စ်တို့က ဧပြီ ၂၅ရက်၌ သတင်းထုတ်ပြန်သည်။

ရုရှား၌ရေနံနှင့် ဓာတ်ငွေ့တူးဖော်မှုများ လေလံတင်မည်

ရုရှားနိုင်ငံ ယာမာလိုနီနက်စ်ဒေသရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်ခုနစ်ခုကို ဇွန် ၂၈ရက်၌ လေလံတင်ရန်အစီအစဉ်ရှိကြောင်း ရုရှားစွမ်းအင်အရာရှိများက ဇွန် ၂၅ရက်၌ သတင်းထုတ်ပြန်သည်။

ပါကစ္စတန်၌ ကန်နိုင်ငံသားငါးဦးအား ပြစ်ဒဏ်ချမှတ်

ပါကစ္စတန်နိုင်ငံတွင်အကြမ်းဖက်မှုနှင့် ဆက်စပ်နေသော အမေရိကန်နိုင်ငံသားငါးဦးအား ထောင်ဒဏ် ၁၀နှစ်စီ ချမှတ်လိုက်ကြောင်း ပါကစ္စတန်အရာရှိများက ဇွန် ၂၅ရက်၌ သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယားသမ္မတ ဆွေးနွေးမှုများပြုလုပ်မည်

တောင်ကိုရီးယားသမ္မတလီမြောင်ဘတ်သည် ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးပြင်ပ၌ ဂျပန်နှင့် အမေရိကန်ခေါင်းဆောင်များအား တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဇွန် ၂၅ရက်၌ သတင်းထုတ်ပြန်သည်။

ကိုလံဘီယာ၌ ကိုကင်းအများဆုံးထုတ်လုပ်နေ

ကိုလံဘီယာနိုင်ငံသည် ကမ္ဘာတွင်ကိုကင်းအများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်နေကြောင်း၊ ကိုကင်းထုတ်လုပ်မှုများလျှော့ချရန် အမြန်ဆုံးကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ကိုလံဘီယာအရာရှိများက ဇွန် ၂၅ရက်၌ ပြောကြားသည်။

တရုတ်နှင့်ပါကစ္စတန်တို့ အကြမ်းဖက်မှုတိုက်ဖျက်မည်

တရုတ်နှင့် ပါကစ္စတန် နှစ်နိုင်ငံတို့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ပူးတွဲဆောင်ရွက်ကြရန် နှစ်ဖက်ကိုယ်စားလှယ်များက ဇွန် ၂၅ရက်၌ သဘောတူလက်မှတ်ရေးထိုးလိုက်ကြသည်။

ကမ္ဘောဒီးယား၌ လမ်းနှင့်တံတားများ တည်ဆောက်မည်

ကမ္ဘောဒီးယားနိုင်ငံတွင် လမ်းနှင့်တံတားများတိုးတက်ဖွံ့ဖြိုးရေးအတွက် တည်ဆောက်ပေးရန် တရုတ်နှင့် ကမ္ဘောဒီးယားတို့သည် ဇွန် ၂၅ရက်၌ နားလည်မှုစာချွန်လွှာကို သဘောတူလက်မှတ်ရေးထိုးလိုက်ကြသည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းကျဆင်း

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများ ကျဆင်းလျက်ရှိရာ တရုတ်ဈေးကွက်၌ ဇွန် ၂၅ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၃၃ဒသမ ၆၅ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း တရုတ်ငွေကြေးဆိုင်ရာအရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ လေယာဉ်ပျက်ကျ

*အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ဇွန် ၂၅ရက်က အင်ဒိုနီးရှားစစ်ဘက်လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ကြောင်း၊ လေယာဉ်ပျံသန်းမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အင်ဒိုနီးရှားလေတပ်မှ ပြောကြားသည်။ **(အောက်ပုံ)** **(အင်တာနက်)***

26-6 (05).pmd 1 6/26/2010, 2:30 AM

စွမ်းအင်ဝန်ကြီးဌာန ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ဝန်ကြီးဦးလွန်းသိ ထူးချွန်ဆုရသူများအား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဇွန် ၂၅

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် စွမ်းအင်ဝန်ကြီးဌာနရှိ ပညာသင်ကြားဆဲ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ခြင်းနှင့် ၂၀၀၉-၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပညာရည်ချွန်ဆုရ ဝန်ထမ်း သားသမီးများနှင့် ဗဟိုဝန်ထမ်း တက္ကသိုလ်၌ ထူးချွန်ဆုရဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသိ၊ ဒုတိယဝန်ကြီးဦးသန်းဌေး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆုရကျောင်းသားကျောင်းသူများ၊ ၎င်းတို့၏ မိဘဝန်ထမ်းများနှင့် ထူးချွန်ဆုရဝန်ထမ်းများတက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်သည်။ ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ၂၀၀၉-၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခြောက်ဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ ငါးဘာသာ ဂုဏ်ထူးရှင်ရှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၂၄ဦးတို့အားလည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်မှ ဖွင့်လှစ်သော သင်တန်းများတွင် ထူးချွန်ဆုရ ဝန်ထမ်း ၁၁ဦးတို့အားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင်မအိချိုစင်က ကျေးဇူးတင်စကားပြောကြားပြီး ဝန်ကြီး၊ ဒုတိယ ဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ထူးချွန်ဆုရကျောင်းသားကျောင်းသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထောက်ပံ့ပေး

ပညာသင် ထောက်ပံ့ကြေးများကို ၂၀၀၄-၂၀၀၅ ပညာသင်နှစ်မှစတင်၍ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့်အထိ ပညာသင် ထောက်ပံ့ကြေးများ နှစ်စဉ်ပေးအပ်ခဲ့ရာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၉၉ သိန်းကျော်ကို ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသိ စွမ်းအင်ဝန်ကြီးဌာန ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြို့ရေပေးရေးလုပ်ငန်းများ ရှာငံတွင် စစ်ဆေးဆောင်ရွက်

ရှာငံ ဇွန် ၂၅

ရှာငံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်ခန့်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းသီဟထွန်း တို့သည် ဇွန် ၁၉ ရက်က မြို့ရေပေးရေး အတွက် အသုံးပြုနေသည့် မြို့မ ခြောက်မိုင် အကွာရှိ ရန်ငြိမ်းအောင် ရေတမံ သဲအိတ်စီ ပြုပြင်မွမ်းမံခြင်း၊ ရေပိုက်လိုင်း ရှင်းလင်း ပြုပြင်ခြင်းတို့ကို ကွင်းဆင်းဆောင်ရွက် ခဲ့သည်။ ***(မြို့နယ်စည်ပင်)***

စာရင်းစစ်ချုပ်ရုံး ပညာရည်ချွန်ဆုချီးမြှင့်

ပညာသင်စရိတ် ထောက်ပံ့ကြေးပေးအပ်

နေပြည်တော် ဇွန် ၂၅

စာရင်းစစ်ချုပ်ရုံး၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ပညာသင်စရိတ် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

တက်ရောက်

အခမ်းအနားသို့ စာရင်းစစ်ချုပ် ဦးလွန်းမောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ နှင့် ကျောင်းသားမိဘဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စာရင်းစစ်ချုပ်က အမှာစကားပြောကြား၍ ဝန်ထမ်းသား သမီးများအတွက် ပညာရည်ချွန်ဆုနှင့် ပညာသင်စရိတ် ထောက်ပံ့ကြေးငွေကျပ် ၁၉၃သမ ၈၅ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ

ပခုက္ကူ နည်းပညာတက္ကသိုလ်၌ကျင်းပ

ပခုက္ကူ ဇွန် ၂၅

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၉ရက် နံနက်ပိုင်းက နည်းပညာတက္ကသိုလ် (ပခုက္ကူ)၌ ကျင်းပရာ ပခုက္ကူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်ကိုဦးက ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များသို့ သစ်ပင်များ ပေးအပ်ပြီး သတ်မှတ်နေရာများတွင် အသီးသီးစိုက်ပျိုးကြသည်။ **(အောက်ပုံ)**

စိုက်ပျိုး

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ယူကလစ်၊ တမာ၊ မဲဇလီ၊ ကုက္ကိုပင် စုစုပေါင်း အပင်၁၅၀၀ကို တက်ရောက်သူအင်အား ၈၀၀ကျော်ဖြင့် စိုက်ပျိုးကြသည်။ **(ဝ၇ဝ)**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်

တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာ၌ ဖွင့်လှစ်

ရန်ကုန် ဇွန် ၂၅

ရန်ကုန်(တောင်ပိုင်း)ခရိုင် တွံတေးမြို့နယ် ရန်ကုန်ပေါက် ကျေးရွာ ပညာအလင်း ကျေးရွာစာကြည့်တိုက် အဆောက် အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၄ ရက် နံနက်၁၁နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ တွံတေးမြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန့်ဇင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးသက်ဦး၊ ရန်ကုန်ပေါက်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဖြူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။ **(အောက်ပုံ)**

ဆွေးနွေး

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးသန့်ဇင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးသက်ဦးတို့က စံ(၅)ရပ်နှင့် ညီပြီး စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက် ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။

လက်ခံယူ

ထို့နောက် လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသ၊ စာအုပ်စာစောင်၁၅၀၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမြသောင်း (ငြိမ်း)က ခြောက်လစာသတင်းစာစောင်ရေ ၁၈၀၊ ရပ်မိရပ်ဖ ဦးကျော်ဝင်းက စာကြည့်တိုက်အတွက် ရေဒီယို တစ်လုံး ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။

အကုန်အကျခံ

စာကြည့်တိုက်မှာ အုတ်ကာ၊ သွပ်မိုးဖြစ်ပြီး တန်ဖိုးငွေ ၃၇၇၇၆၂၅ကျပ် အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၂၆-၆-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၃၀	၄။	ကာတွန်းအစီအစဉ် **အမြွာစုံထောက်** (အပိုင်း-၁၅)
၁၂း၀၀	၅။	ရုပ်မြင်သံကြားဇာတ်လမ်း **ချစ်တယ်ဆိုလာထား** ရန်အောင်၊ မြင့်မြတ်၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၃း၃၀	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၄း၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်**(အပိုင်း-၄၆)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၃၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅	၄။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၂၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀	၉။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	လျှပ်တစ်ပြက်
၆း၃၀	၁၃။	စားဖိုဆောင်ချစ်သူ
၆း၄၅	၁၄။	ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၄၁)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	အင်္ဂလိပ်စာသုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	**၂၀၁၀ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲ (Live) ဥရုဂွေးနှင့် တောင်ကိုရီးယား**
	၂၃။	**လင်းရောင်စဉ်အတွက် ပုံရိပ်များ** (အပိုင်း-၄)

၂၇-၆-၂၀၁၀ ရက် (သောကြာနေ့)

နံနက်ပိုင်း

၀၁း၀၀	၁။	**၂၀၁၀ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲ (Live) အမေရိကန်နှင့် ဂါနာ**

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ နှိုးဆော်ချက်

နေပြည်တော် ဇွန် ၂၅

*၁။ **ကမ္ဘာ့တစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု***

*(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု။** ၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇွန်လ ၁၈ ရက်အထိ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသော နိုင်ငံပေါင်း (၆၃) နိုင်ငံရှိပြီး ၂၀၁၀ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံ အပါအဝင် နိုင်ငံ (၁၆) နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားကြောင်း သိရှိရသည်။*

*(ခ) **လူသို့ကူးစက်ဖြစ်ပွားမှု။** ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ခုနှစ် ဇွန်လ ၈ရက်အထိ နိုင်ငံ (၁၅) နိုင်ငံတွင် ကြက်ငှက်တုပ်ကွေး ရောဂါ လူသို့ကူးစက်မှု ၄၉၉ဦး ရှိပြီး ၂၉၅ ဦး သေဆုံးကြောင်း သိရှိရသည်။*

*၂။ **မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းမှု။** မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ သုံးကြိမ် ဖြစ်ပွားခဲ့သည်။ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့တွင်လည်းကောင်း၊ မတ်လတွင် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်တွင်လည်းကောင်း ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့ရာ ရောဂါထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ဆောင်ရွက်ခဲ့သဖြင့် အခြားဒေသများသို့ ကူးစက်မှုမရှိအောင် ထိန်းချုပ်နိုင်ခဲ့သည်။ အဆိုပါ ဖြစ်ပွားမှုနောက်တွင် ယနေ့အထိ မြန်မာနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ထပ်မံကျရောက်ဖြစ်ပွားမှု မရှိခဲ့ပါ။ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှုနှင့် ထပ်မံဖြစ်ပွားမှုမရှိသော အခြေအနေများကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)နှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့သို့ အကြောင်းကြားပြီးဖြစ်သည်။*

*၃။ **ရောဂါကြိုတင်ကာကွယ်ရေး။** သို့ရာတွင် နိုင်ငံအချို့၌ ရောဂါကျရောက်ဖြစ်ပွားမှု ရှိနေသဖြင့် ရောဂါကြိုတင်ကာကွယ်ရေး အတွက် အောက်ပါအချက်များကို လိုက်နာ ပူးပေါင်းဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်-*

(က) ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုမြှင့်တင်ရန်၊

(ခ) မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်းဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊

(ဂ) ကြက်ငှက်များ မသင်္ကာဖွယ်ရာ သေဆုံးမှုရှိပါက နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်၊

(ဃ) ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ဝန်ကြီးဦးစိုးနိုင်အား တီမောလက်(စ်)တေ သံအမတ်ကြီးလာရောက်တွေ့ဆုံ

နှစ်နိုင်ငံခရီးသွားဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဇွန် ၂၅

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဦးစိုးနိုင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တီမောလက်(စ်)တေ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Juvencio De Jesus Martins သည် ဇွန် ၂၂ရက် မွန်းလွဲ ၂နာရီက အဆိုပါဝန်ကြီးရုံး ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ-တီမောလက်(စ်)တေ နှစ်နိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကဝမြို့နယ် ကြာတောကျေးရွာ ကွန်ကရစ်ချောင်းကူးတံတား ဖွင့်ပွဲကျင်းပ

ကဝ ဇွန် ၂၅

ကဝမြို့နယ် ကြာတောကျေးရွာ ရွာလယ်တံတားဖွင့်ပွဲ အခမ်းအနားကို မေ ၁၉ ရက်က ၄င်းကွန်ကရစ်တံတားထိပ် မဏ္ဍပ်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ပတ်ဝန်းကျင် ကျေးရွာများမှ ဥက္ကဋ္ဌများနှင့် ကျေးရွာနေ ပြည်သူများတက်ရောက်ကြသည်။

တည်ဆောက်

၄င်းကွန်ကရစ်တံတားကို ဖျာပုံမြို့ ပခန်းကျောင်းဆရာတော်နှင့် ကြာတော ကျောင်းဆရာတော်တို့မှ မတည်လှူဒါန်းငွေများဖြင့် အလှူရှင်များက ငွေကျပ် ၇၆ သိန်းကျော် အကုန်အကျခံတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းတံတားသည် အလျား ၈၃ ပေ၊ အနံ ကိုးပေ ကွန်ကရစ်တံတားကြီးဖြစ်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးလှဝင်းအောင်၊ ကြာတော ကျေးရွာဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် မြို့နယ် အတွင်းရေးမှူး ဒေါ်ညွန့်ညွန့်ရွှင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

(ဝဇ၄)

အာဆီယံ လူငယ်ဓာတ်ပုံဆရာများဆု ပြိုင်ပွဲအတွက် ဆုရွေးချယ်ခံရသူစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၂၅

လူငယ်အိုလံပစ်ပွဲတော်စတင်ခြင်းအထိမ်းအမှတ်အဖြစ် အာဆီယံလူငယ် ဓာတ်ပုံဆရာများဆုနှင့် ဓာတ်ပုံပြပွဲကို စင်ကာပူအမျိုးသားလူငယ်အောင်မြင်မှုကောင်စီက ၂၀၁၀ခုနှစ် ဩဂုတ်လတွင် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု လူငယ်ဓာတ်ပုံဆရာတစ်ဦးပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ***အာကစားမှသည် အာဆီယံ စိတ်ဓာတ်ဆီသို့*** *ဟူသော ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်ကျင်းပခဲ့ရာ မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင် ၁၄ဦးက ဓာတ်ပုံပေါင်း၇၃ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အကောင်းဆုံးလူငယ်ဓာတ်ပုံဆရာအဖြစ် ကျော်ကျော်ဝင်း (မြန်မာနိုင်ငံဓာတ်ပုံအသင်း)က ရွေးချယ်ခံရသည်။*

စေလွှတ်မည်

ရွေးချယ်ခံရသူအား ၂၀၁၀ခုနှစ် ဩဂုတ်လတွင် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် အာဆီယံလူငယ်ဓာတ်ပုံဆရာများ ဆုနှင့် ဓာတ်ပုံပြပွဲသို့ စေလွှတ်သွားမည်ဖြစ်ပြီး ၄င်းခရီးစဉ်အတွက် ကုန်ကျမည့်ခရီးစရိတ်၊ တည်းခိုနေထိုင် စားသောက် စရိတ်များကို သက်ဆိုင်ရာအဖွဲ့အစည်းက ကျခံပေးမည်ဖြစ်ကြောင်းသိရသည်။ ***(သတင်းစဉ်)***

အကျဉ်းဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ထောက်ပံ့ပေးအပ်

ရန်ကုန် ဇွန် ၂၅

၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၊ ဂုဏ်ထူး ရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် တက်ရောက်နေကြသည့် အကျဉ်းဦးစီးဌာန ဝန်ထမ်းများ၏ သားသမီး၊ ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၂ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ရှိ အကျဉ်းဦးစီးဌာန မိုးလုံလေလုံအားကစား ရုံ၌ ကျင်းပသည်။

လက်ခံ

အခမ်းအနားတွင် အကျဉ်းဦးစီးဌာန ဝန်ထမ်းများ၏ သားသမီးများ ဖြစ်ကြသည့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ် ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၄ဦး၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ၉၁ ဦး စုစုပေါင်း ၁၁၃ဦးနှင့် မူလတန်း ကျောင်းသား ကျောင်းသူ ၁၂၈၂ဦး၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၉၁၈ဦး၊ အထက်တန်း ကျောင်းသား ကျောင်းသူ ၄၇၃ဦး၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၂၉၀ တို့အား ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး**(အပေါ်ဝဲပုံ)**၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီးတို့က ပညာထူးချွန်ဆုနှင့် ပညာသင်စရိတ် စုစုပေါင်းငွေကျပ် ၁၃၆၄၈၀၀၀ကို ပေးအပ်ချီးမြှင့်ရာ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် ပြည်နယ်၊ တိုင်း ထောင်အုပ်စု ညွှန်ကြားရေးမှူးရုံးများမှ တာဝန်ရှိသူများက လက်ခံကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ထိုင်းနိုင်ငံ အခြေစိုက် TAITRA တို့ ပူးပေါင်း၍ နှစ်ဖက် စီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေး လုပ်ငန်းအလိုက် တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၈ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပရန် စီစဉ်ထားရာ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် UMFCCI သို့ အမည်စာရင်း ပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၂၁၄၃၄၄နှင့် ၂၁၄၃၄၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းအဆင့် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းစနစ် နည်းပြသင်တန်းဆင်း

ရန်ကုန် ဇွန် ၂၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၁၀ ခုနှစ် ပြည်နယ်နှင့်တိုင်းအဆင့် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းစနစ် နည်းပြသင်တန်းဆင်းပွဲနှင့် အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားသရုပ်ပြပွဲ အခမ်းအနားကို ဇွန်၂၄ရက် နံနက် ၉နာရီက ရန်ကုန်မြို့ရှိ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) အားကစားခန်းမ၌ ကျင်းပသည်။

ပထမဆု

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် တာဝန်ခံနာယကများ ဖြစ်ကြသော ဒေါ်ခင်မာအေးက ဒုတိယဆုကို လည်းကောင်း၊ ဒေါ်မြင့်မြင့်အေးက တတိယဆုကိုလည်းကောင်း၊ ဒေါ်နီနီဝင်းက ဆုကြေးငွေများကိုလည်းကောင်း၊ ဒေါ်တင်တင်နွဲ့က သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း၊ ဒေါ်မြသီဂီက မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ကိုယ်စား ၂၀၁၀ခုနှစ် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းစနစ် နည်းပြသင်တန်းနှင့် ဒိုင်သင်တန်းသို့ တက်ရောက်ခဲ့ကြသည့် သင်တန်းသူများအား ထောက်ပံ့ကြေးငွေကျပ် သုံးသိန်းလေးသောင်းကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

သရုပ်ပြကစား

ယင်းနောက် ၂၀၁၀ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နည်းပြသင်တန်းဆင်း ကျောင်းသူများက အခြေခံကိုယ်ကာယကြံ့ခိုင်မှု စနစ်သစ်လေ့ကျင့်ခန်း၊ Step Aerobics နှင့် ချန်ပီယံမြန်မာသီချင်းဖြင့် ကြိမ်ခွေ အကတို့ကို သရုပ်ပြကစားကြသည်။

(သတင်းစဉ်)

ရမည်းသင်းမြို့ မြို့မဈေးမီးဘေး အန္တရာယ် ကင်းရှင်းစေရေးအတွက် အလွယ်တကူ အသုံးပြုနိုင်သော မီးဘေးကြိုတင် ကာကွယ်တားဆီးရေး အထောက်အကူပြု ပစ္စည်းများ စုဆည်းထားရှိမှုကို အမှုဆောင်အရာရှိ ဦးသိန်းနိုင် ကွင်းဆင်းစစ်ဆေးရာ ဒုတိယဦးစီးမှူး(ဈေး) ဦးမျိုးထွန်းက ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

မီးဘေးကြိုတင် ကာကွယ်ရေး ဆီဆိုင်မြို့နယ်၌ ဆောင်ရွက်

ဆီဆိုင် ဇွန် ၂၅

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှုကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးလွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးတင်မောင်ဝင်း၊ မြို့နယ်လျှပ်စစ်မှူး ဦးသောင်းထွန်းနှင့် အမှုဆောင်အရာရှိ ဦးသိန်းမင်းတို့ ဇွန် ၁၀ရက်က လိုက်လံ စစ်ဆေးဆောင်ရွက်ခဲ့ပြီး မြို့နယ်ဈေး ကော်မတီဝင်များနှင့် မီးငြိမ်းသတ်မှု သရုပ်ပြ ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

ငါးသယံဇာတထိန်းသိမ်းရေး မြေစိုက်ပိုစတာများ သံဖြူဇရပ်မြို့နယ်၌ စိုက်ထူ

သံဖြူဇရပ် ဇွန် ၂၅

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနတို့၏ကြီးကြပ်မှုဖြင့် ငါးသယံဇာတထိန်း သိမ်းရေး အသိပညာပေးမြေစိုက်ပိုစတာ စိုက်ထူပွဲကို ဇွန် ၅ရက်က သံဖြူဇရပ် မြို့နယ် ကျိုက္ခမီမြို့ အောင်သုခဆိပ်ကမ်း၌ ကျင်းပရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမင်းဇော်နှင့် ဝန်ထမ်းများ၊ အောင်သုခ ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ထူး၊ ကမ်းနီး ငါး လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ကျားပိုက်လုပ်သားများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ထို့အတူ ငါးသယံဇာတထိန်းသိမ်းရေး မြေစိုက်ပိုစတာစိုက်ထူပွဲကို ဇွန် ၁၆ရက်က သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာ ဈေး အရှေ့၌ ကျင်းပရာ မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူးဦးလှမင်းဇော်နှင့် ဝန်ထမ်းများ၊ ပင‌ကျေးရွာဥက္ကဋ္ဌဦးသိန်းနှင့် အဖွဲ့ဝင်များ၊ ရေလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် ၂၀၁၀ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဝန်ကြီး ဦးအောင်ကြည် ရတနာတန်းဝင်ကျွန်း စိုက်ပျိုးပေး

နေပြည်တော် ဇွန် ၂၅

အလုပ်သမားဝန်ကြီးဌာန၏ ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်စနာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံးအနီးဝန်းကျင်၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် တက်ရောက်ပြီး ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

စုပေါင်းစိုက်ပျိုး

ထို့နောက် ဝန်ကြီးသည် အလုပ်သမားဝန်ကြီးဌာနရှိ ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံးဝန်ထမ်းများ သတ်မှတ်ထားသော နေရာအသီးသီး၌ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ယင်းမာ၊ ပျဉ်းကတိုး၊ သစ်ပိတောက်၊ မဟော်ဂနီ၊ သရက်၊ ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ နွယ်သာကီ၊ ပိန္နဲ၊ သဘော်၊ ဒန့်သလွန်နှင့် ကင်ပွန်းချဉ်ပင်စသည့် အပင်မျိုးစုံ စုစုပေါင်း ၁၉၀၀ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၂) စက်မှုဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၅

အမှတ်(၂) စက်မှုဝန်ကြီးဌာန ၂၀၁၀ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ၏ ဒုတိယနေ့အဖြစ် သစ်ပင်စိုက်ပျိုးမှုများကို ယနေ့ ညနေ ၃နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာနရုံး၌ ကျင်းပသည်။

ကြည့်ရှုအားပေး

သစ်ပင်စိုက်ပျိုးပွဲ ဒုတိယနေ့တွင် ဝန်ထမ်းများက စိန်တလုံးသရက်၊ စိန်ပန်း၊ ကျွန်းနှင့် ခရေ စသည့် သစ်ပင်ပျိုးပင် ၁၅၅၀ကို စိုက်ပျိုးကြရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

အပတ်စဉ်

အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် သစ်ပင်စိုက်ပျိုးမှုများကို ဝန်ထမ်းအိမ်ရာများနှင့် ပုဗ္ဗသီရိမြို့သစ်ရှိ ဝန်ထမ်းကိုယ်ပိုင်နေအိမ်များတွင်ပါ အပတ်စဉ် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ နေပြည်တော်လယ်ဝေး၌ ကျင်းပ

နေပြည်တော် ဇွန် ၂၅

နေပြည်တော်လယ်ဝေး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ကြီးမှူးကျင်းပသော နေပြည်တော် လယ်ဝေး မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈နာရီတွင် သတ်မှတ်နေရာအသီးသီး၌ ကျင်းပရာ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၂၇၀၀ခန့် တက်ရောက်၍ သတ်မှတ်နေရာများ၌ ကျွန်းနှင့် ယူကလစ်ပင်များကို စိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

စိုက်ပျိုး

ယနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် ရန်ကုန်-မန္တလေးအမြန်လမ်း အောင်သာကျေးရွာအုပ်စု မင်းရေးနှင့် ယက္ကန်းစင်ကျေးရွာတို့၌ တစ်ရွာတစ်ဧက ကျေးရွာပိုင် ယူကလစ်စိုက်ခင်း စီမံချက်အရ ယူကလစ်ပင် ၁၂၀၀နှင့် လမ်းမကြီးဝဲယာတို့၌ ကျွန်းပင် ၈၀၀တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအမ

ရန်ကုန်တိုင်း၌

၂၀၁၀ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်
ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဦးထောင်ဘိုအဝိုင်းအ
အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

(သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၁၀ခုနှစ် ဆောင်ပုဒ်ဖြစ်သည့် **'ကျန်းမာပျော်ရွှင်နေနိုင်ဖို့ မူးယစ်ဆေးဆို ရှောင်ကြစို့'** "THINK HEALTH not drugs" ဆိုသည်နှင့်အညီ ယနေ့လူငယ်များနှင့်တကွ ပြည်သူလူထုတစ်ရပ်လုံးပါ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်လှုပ်ရှားနိုင်ရေးအတွက် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးတိုက်ဖျက်သည့် လုပ်ငန်းစဉ်ကြီးကို ပြည်သူလူထုတစ်ရပ်လုံးက ညီညွတ်စွာ အရှိန်အဟုန်မြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်



ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် စည်ပင် သာယာရေးအဖွဲ့ပိုင် မြောင်းတကာဈေး၌မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးအတွင်း ရေရရှိမှု၊ ရေတိုင်ကီများ တည်ဆောက်နေမှုနှင့် ရေပိုက်သွယ်တန်းနေမှုတို့ကို ဇွန် ၂၄ရက်က ဦးစီးအရာရှိ ဒေါ်ထွေးရီနှင့် အငယ်တန်းအင်ဂျင်နီယာ (၃) ဒေါ်ဝင်းသန္တာစိုးတို့ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

အကြိုတ်အနယ်ကစားပြီး နိုင်ပွဲတွေစတင်ရရှိခဲ့တဲ့ ဇေယျာရွှေမြေနဲ့ ဥသာ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ မှတ်တမ်း - ဖိုးသော်ဇင် ❖ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၅

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂)ကို ယနေ့ညနေ ၄နာရီက သုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်းတို့၌ ဆက်လက်ကျင်းပရာ ဇေယျာရွှေမြေအသင်းနဲ့ ဥသာယူနိုက်တက်တို့ နိုင်ပွဲတွေ စတင်ရရှိခဲ့ပါတယ်။

အောင်ဆန်းကွင်း

ဇေယျာရွှေမြေ - သုံးဂိုး
မကွေး F.C - နှစ်ဂိုး

လူငယ်ကစားသမား အများစုနဲ့ အကောင်းဆုံးပုံစံရနေသလို ပွဲဦးထွက်ပွဲစဉ်မှာလည်း ဂိုးပြတ်အနိုင်ရထားတဲ့ မကွေးအသင်းဟာ အစုပွဲမှာလည်း ခြေစွမ်းပြပြီး နှစ်ဂိုး-တစ်ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် ဒုတိယပိုင်းမှာ ပေးလိုက်ရတဲ့ ဂိုးနှစ်ဂိုးကြောင့် အရှုံးပေးခဲ့ရတာဖြစ်ပါတယ်။ မကွေးအသင်းဟာ ဇေယျာရွှေမြေအသင်းကို အချိန်တော်တော်များများ ဖိကစားနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းမှာ ရတဲ့အခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့တာ ခံစစ်ပိုင်းအားနည်းချက်တွေကြောင့် ဂိုးနှစ်ဂိုးပေးခဲ့ရပြီး ရှုံးနိမ့်ခဲ့ရတာပါ။

အဖွင့်ဂိုး

ဇေယျာရွှေမြေ အသင်းဟာ ရတနာပုံနဲ့ သရေကျခဲ့တဲ့ လူစာရင်းကို အနည်းငယ် အပြောင်းအလဲလုပ်ကာ ပွဲထွက်ခဲ့သလို ပထမပွဲထက်လည်း ကစားပုံပိုကောင်းခဲ့ပါတယ်။ ကိုးမိနစ်မှာ မကွေးနောက်တန်းရဲ့အမှားကို အခွင့်ကောင်းယူပြီး မျိုးကျော်က အဖွင့်ဂိုးသွင်းယူခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ မကွေးကစားပုံ ပြန်ငြိမ်လာပြီး ဇေယျာရွှေမြေဘက်ကို ပြန်ဖိအားပေးနိုင်ခဲ့ပါတယ်။ ၁၅မိနစ်မှာ ပေါ်ထွန်းကျော်က ချေပဂိုး ပြန်သွင်းခဲ့ပြီး ၂၈မိနစ်မှာ မျိုးဇော်ဦးက အဝေးကနေ ကန်သွင်းပြီး မကွေးအတွက် ဒုတိယဂိုး ရယူပေးခဲ့ပါတယ်။

အနိုင်ဂိုး

ဒုတိယပိုင်းမှာတော့ ဇေယျာရွှေမြေအသင်း ချေပဂိုးရဖို့ ကစားအားတင်လာခဲ့ပါတယ်။ မကွေးအသင်း အနိုင်ကိုထိန်းဖို့ ကြိုးစားတာကြောင့် ဇေယျာရွှေမြေ အခွင့်အရေး ပိုရခဲ့ပြီး ၆၄မိနစ်မှာ အောင်မြင့်ထွန်းက ထောင့်ကန်ဘောကနေ ချေပဂိုး ပြန်သွင်းခဲ့ပြီး အနိုင်ဂိုးကို ၇၉မိနစ်မှာ စိုးပြည်သွေးက သွင်းယူခဲ့ပါတယ်။

သုဝဏ္ဏကွင်း

ဥသာယူနိုက်တက် - လေးဂိုး
ရတနာပုံ - နှစ်ဂိုး

အရန်အသင်းပြိုင်ပွဲဆိုရင် ရန်းကန်ရလေ့ရှိတဲ့ရတနာပုံအသင်း အစုပြိုင်ပွဲမှာ ရှုံးပွဲစတွေ့ခဲ့ပါတယ်။ ဥသာအတွက်အနိုင်ဂိုးတွေကို ဇော်မျိုးသက်နဲ့ အောင်စိုးပိုင်တို့ကနှစ်ဂိုးစီ သွင်းယူခဲ့ပြီး ရတနာပုံအတွက် ချေပဂိုးတွေကို နိုင်နိုင်မင်းနဲ့ ရဲကိုဦးတို့က သွင်းယူခဲ့ပါတယ်။ ။ **(မြန်မာ့အလင်း)**

ယနေ့ပွဲ

သုဝဏ္ဏကွင်း

မနောမြေ - ဆောက်သမ်းမြန်မာ

အောင်ဆန်းကွင်း

ဗွဲကပင်ယူနိုက်တက် - ရန်ကုန်ယူနိုက်တက်

မကွေးမှ ကောင်းမြတ်ဦး၏ထိုးဖောက်မှုကို ဇေယျာရွှေမြေနောက်ခံလူ ဟန့်တားနေစဉ်။

မြန်မာ့ရုပ်မြင်သံကြား

၂၆-၆-၂၀၁၀ (စနေနေ့)
၁၃၇၂ ခုနှစ် ပထမဝါဆိုလပြည့်နေ့
(ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် သန်းမြတ်စိုး (တေးရေး-မောင်မောင်လတ်)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၁၅ ၇။ အကပြိုင်ပွဲ
၈:၂၅ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ Local Talent
၈:၅၀ ၁၁။ အရည်အသွေးမီ ထုတ်လုပ်ထားကြွေရည်စိမ်ပစ္စည်းများ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၂၀ ၅။ Yan Can Cook
၁၂:၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ** (အပိုင်း-၁၉)
၁၃:၃၀ ၇။ ရုပ်မြင်သံကြား ဇာတ်လမ်း **ထိချက်မှန်သော မြားတစ်စင်း** ဇော်ဝမ်း၊ ထွန်းထွန်း(Examplez)၊ နဝရတ် (ဒါရိုက်တာ-မျိုးအေး)
၁၄:၃၅ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၁၄:၄၅ ၉။ မနောမြေအလှ မှတ်တမ်းတစ်စိတ်တစ်ဒေသ
၁၄:၅၅ ၁၀။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄:၂၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄:၄၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၄၅ ၆။ ငါးရစ်မျိုးငါး ဒို့မစား
၄:၅၅ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၅:၀၅ ၈။ **ကမ္ဘာ့ဖလားပုံရိပ်များ (အပိုင်း-၃)**
၅:၁၀ ၉။ Football Planet **(၂၀၁၀ကမ္ဘာ့ဖလား ဘောလုံး ပွဲကြိုသုံးသပ်ချက်)**
၅:၃၀ ၁၀။ ချစ်စရာ့အရွယ် ကစားကြမယ်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
၆:၄၀ ၁၄။ ယဉ်တစ်ကိုယ်မယ် (မြတ်မိုမိုသိမ့်)
၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာ ခွင့်လွှတ်ပါ** (အပိုင်း-၁၅)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **ငါတို့ခွန်အား** မျိုးကြီး (တေးရေး-လင်းလင်း)
၂၀။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၃၆)
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **အရွယ်လွန်ချစ်အိပ်မက်** (အပိုင်း-၁၉)
၂၂။ ဂီတတံခါးလေးဖွင့်ပါဦး
၂၃။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၄။ အစီအစဉ်ပြီး၏။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၅-၆-၂၀၁၀

ကျိုက်မရောမြို့	၃	ဒသမ	၀၅	လက်မ
ဟုမ္မလင်းမြို့	၂	ဒသမ	၇၆	လက်မ
မော်လိုက်မြို့	၂	ဒသမ	၅၆	လက်မ
ဟားခါးမြို့	၂	ဒသမ	၁၇	လက်မ
ဘားအံမြို့	၁	ဒသမ	၈၅	လက်မ

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်း၌ မြေစိုက်ပိုစတာ စိုက်ထူဖွင့်ပွဲ ကျင်းပ

၂၀၁၀ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီး များနေ့အထိမ်းအမှတ် မြေစိုက် ပိုစတာစိုက်ထူဖွင့်လှစ်ပွဲကို ရန်ကုန် မြို့ ဗဟန်းမြို့နယ်ရှိ ဦးထောင်ဘို အဝိုင်းအနီး၌ ကျင်းပရာ ရန်ကုန် တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး မြေစိုက် ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၅

၂၀၁၀ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲကို ယနေ့ နံနက် ၆နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဦးထောင်ဘိုအဝိုင်းအနီး၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

(သတင်းစဉ်)

* *ကျောဖုံးမှ*

အထွက်နှုန်းကောင်း ငွေချည် (၆) ချည်မျှင်ရှည်ဝါကို အဓိက စိုက်ပျိုးသောမြို့နယ်များမှာ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ နေပြည်တော်တပ်ကုန်းနှင့် မြစ်သားမြို့နယ်များဖြစ်သည်။ ထိုဒေသများတွင် နှစ်စဉ် မိုးရေချိန် လက်မ ၃၀ ဝန်းကျင်သာ ရွာသွန်းလေ့ရှိကြောင်း သိရသည်။

အထွက်နှုန်းကောင်း

ချည်မျှင်ရှည်ဝါသည် မိုးအသင့်အတင့်ရွာသွန်းသည့် ရာသီဥတုကို ကြိုက်နှစ်သက်သည်။ ဝါသီးအားကောင်းပြီး ပူသောရာသီဖြစ်သည့် အလျောက် ဝါပေါက်အားလည်း ကောင်းသည်။ ထို့ကြောင့် ဤဒေသများသည် ဝါစိုက်ပျိုးမှု တစ်ဧက အထွက်နှုန်းကောင်း စံချိန်တင်မြို့နယ်များအဖြစ် ရပ်တည်လျက်ရှိသည်။

အောင်မြင်ဖြစ်ထွန်း

မြန်မာ့အလင်းသတင်းအဖွဲ့သည် မကြာမီက ရမည်းသင်းမြို့နယ်သို့ ဒေသဖွံ့ဖြိုးရေး သတင်းဆောင်းပါးများ

“မနှစ်က ငွေချည်(၆)ကို စမ်းစိုက်တာ ဒီနှစ်မှာတော့ ပိုစိုက်ပါတယ်”
ကိုသိန်းဇော်ဝင်း
(ဝါစိုက်တောင်သူ)

ရေးသားရန်ရောက်ရှိခဲ့ရာ အောင်မြင်ဖြစ်ထွန်းနေသော ငွေချည်(၆) ချည်မျှင်ရှည်ဝါ အဓိကစိုက်ပျိုးရာ ကတင်ကျေးရွာအုပ်စုသို့ သွားရောက်လေ့လာခဲ့ကြသည်။ သတင်းအဖွဲ့နှင့်အတူ ရမည်းသင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်အောင်ဝင်း၊ ဝါနှင့်ပိုးချည်လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးဝင်းညွန့်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးအောင်မြိုင်တို့လည်း လိုက်ပါလာကြပြီး အောင်မြင်ဖြစ်ထွန်းနေသော ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

“ငွေချည်(၆) ချည်မျှင်ရှည်ဝါဟာ ဒီဒေသက တောင်သူတွေ အဓိကအားထားစိုက်ပျိုးတဲ့ သီးနှံဖြစ်ပါတယ်”
ဦးဝင်းညွန့်
(ဝါစိုက်ပျိုးရေးမန်နေဂျာ)

ရှေးဦးစွာ ဝါနှင့်ပိုးချည်လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးဝင်းညွန့်က “ရမည်းသင်းမြို့နယ်မှာ မိုးကြိုချည်မျှင်ရှည်ဝါ၊ မိုးလယ်နဲ့ မိုးနှောင်းချည်မျှင်ရှည်ဝါဆိုပြီး စိုက်ပါတယ်။ ယခုနှစ်မှာတော့ ငွေချည်(၆) မိုးကြိုချည်မျှင်ရှည်ဝါ ၁၃၄၁ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးလယ်ချည်မျှင်ရှည်ဝါကိုတော့ ဧက ၅၀၀ စိုက်ပျိုးဖို့ လျာထားရာမှာ ၂၂၅ဧက စိုက်ပျိုးပြီးပါပြီ။ ကျန်တဲ့ စိုက်ဧကတွေကိုတော့ ဇွန်လကုန်အပြီး စိုက်သွားမှာဖြစ်ပါတယ်။ မိုးနှောင်းအနေနဲ့ ဧက ၂၇၂၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဇူလိုင်လမှ စက်တင်ဘာလအထိ မိုးနှောင်းချည်မျှင်ရှည်ဝါကို စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ မိုးလယ်ချည်မျှင်ရှည်ဝါ စိုက်ပျိုးအပြီးမှာတော့ ပဲတီစိမ်းကို စိုက်ကြပါသေးတယ်။ ပဲတီစိမ်းရိတ်သိမ်းအပြီးမှာ မိုးနှောင်းချည်မျှင်ရှည်ဝါကို စိုက်ပျိုးကြခြင်း ဖြစ်ပါတယ်”ဟု ရှင်းပြသည်။

မနှစ်က မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၃၆၀၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးလယ်ချည်မျှင်ရှည်ဝါကိုတော့ ၅၅၅ ဧက စိုက်နိုင်ခဲ့ပါတယ်။ မိုးနှောင်းမှာ ၂၆၇၁၂ဧက စိုက်နိုင်ခဲ့ပါတယ်။ ချည်မျှင်ရှည်ဝါအားလုံးရဲ့ ပျမ်းမျှ အထွက်နှုန်းကတော့ တစ်ဧက ၄၁၆ ဒသမ ၉၆ ပိဿာထွက်ရှိပါတယ်။ မိုးကြိုကာလမှာ ပိဿာ ၁၀၀၀အထက်ထွက်ရှိတဲ့ စိုက်ပျိုးဧက ၂၇ဧကရှိခဲ့ပြီး မိုးနှောင်းမှာ ဧက ၁၀၀၀အထက်ထွက်ရှိတဲ့ စိုက်ဧက ၂၁၂ဧက ရှိခဲ့ပါတယ်။

ထွက်ရှိလာတဲ့ ဝါတွေကိုတော့ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝါအဝယ်ဒိုင်များက တစ်ပိဿာလျှင် အေအဆင့် ငွေကျပ် ၁၀၀၀၊ ဘီအဆင့် ငွေကျပ် ၉၀၀နဲ့ စီအဆင့် ငွေကျပ် ၈၀၀ဆိုပြီး အတန်းအစား သုံးမျိုး ခွဲခြားဝယ်ယူပါတယ်”ဟု ဦးဝင်းညွန့်က ဆက်လက်ရှင်းပြသည်။

တွက်ခြေကိုက်

ဆက်လက်၍ ကတင်ကျေးရွာမှ ဝါစိုက်တောင်သူ ဦးမြသောင်းက “ကျွန်တော် ငွေချည်(၆) ချည်မျှင်ရှည်ဝါ ငါးဧကစိုက်ပါတယ်။ မနှစ်က တစ်ဧက ပိဿာ ၁၀၀၀ကျော်ထွက်ပြီး တစ်ပိဿာ ငွေကျပ် ၁၀၀၀နှုန်း ရောင်းရပါတယ်။ စီးပွားရေးတွက်ခြေကိုက်တာကြောင့် ဒီဒေသမှာ ဝါစိုက်သူတွေ တစ်နှစ်ထက်တစ်နှစ် ပိုများလာပါတယ်”ဟု ရှင်းပြသည်။

တစ်ဖန် ကတင်ရွာမှ ကိုသိန်းဇော်ဝင်းကလည်း “ကျွန်တော် မနှစ်က စပြီး ငွေချည်(၆)ကို စမ်းစိုက်ပါတယ်။ အထွက်နှုန်း တစ်ဧက ပိဿာ



“ဝါကို မိုးကြိုနဲ့ မိုးနှောင်းမှာ စိုက်ပါတယ်”
ဦးတင်အောင်
(ဝါစိုက်တောင်သူ)

၁၀၀၀ ထွက်ပါတယ်။ ဒီနှစ်မှာတော့ ယခင်နှစ်ကထက် ပိုစိုက်ပါတယ်။ ငွေချည်(၆)က ဒီဒေသမှ တောင်သူတွေအတွက် တကယ်အကျိုးဖြစ်ထွန်းစေတဲ့ သီးနှံဖြစ်ပါတယ်”ဟု ရှင်းပြသည်။

ထို့နောက် ကတင်ကျေးရွာမှ ဦးတင်အောင်က “ငွေချည်(၆)ကို မိုးကြိုချည်မျှင်ရှည်ဝါအဖြစ် လေးဧက စိုက်ပါတယ်။ ဝါပြီးရင် မိုးစပါးစိုက်မှာပါ။ စပါးရိတ်သိမ်းအပြီးမှာတော့ မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးမှာဖြစ်ပါတယ်”ဟု ရှင်းပြသည်။

ဝါနှင့် ပိုးချည်လုပ်ငန်းအနေဖြင့် စိုက်ပျိုးရေးတောင်သူများ မျိုးကောင်းမျိုးသန့်ရရှိမှု အခက်အခဲမရှိစေရေးအတွက် ငွေချည်(၆) ချည်မျှင်ရှည်ဝါ မျိုးများနှင့် လိုအပ်သော သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတို့ကိုလည်း ထုတ်ပေးပြီး အကျိုးတူ ဆောင်ရွက်လျက်ရှိကြောင်း၊ ထွက်ရှိလာသော ဝါစိုက်ဧကမှ တစ်ဧက ၂၂၅ပိဿာနှုန်း ပြန်ဝယ်ပြီး မျိုးထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေး တောင်သူများ မိုးရာသီ စိုက်ပျိုးရေး အဆင်ပြေစေရေးအတွက် ရမည်းသင်းမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ကျေးရွာအုပ်စု ၆၄အုပ်စုရှိ တောင်သူ ၁၄၃၀၉ဦးအား စပါးတစ်ဧက ငွေကျပ် ၂၀၀၀၀နှုန်း၊ အခြားသီးနှံ တစ်ဧက ငွေကျပ် ၁၀၀၀၀နှုန်းဖြင့် ဇွန် ၁၀ရက်အထိ စုစုပေါင်း ငွေကျပ် ၈၃၃၄၀၀၀၀၀ကို စိုက်ပျိုးရေးစရိတ်အဖြစ် ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

အဓိကအားထား

ရမည်းသင်းမြို့နယ်အတွင်း စိုက်ပျိုးရေးတောင်သူများ စိုက်ပျိုးရေးအတွက် အဓိကအားထားရသော ဆည်နှင့်ကန်များရှိသည်။ ယင်းတို့အနက် သစ်ဆုံဆည်၊ ကတင်ကန်နှင့် ကြီးနီကန်တို့ ဖြစ်ကြသည်။ ဤကန်များသည် ကန်ဟုဆိုသော်လည်း ဆည်သမျှ ကြီးမားပြီး နှစ်စဉ် ရေစီးဆင်းမှု ကောင်းမွန်သဖြင့် တောင်သူများ အဓိကအားထားရသော ဆည်ကန်များ ဖြစ်ကြသည်။

သို့ဖြစ်၍ ရမည်းသင်းမြို့နယ်မှ စိုက်ပျိုးရေး တောင်သူများသည် ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးရေးအတွက် ရာသီဥတု အခြေအနေပေးမှု၊ ဒေသဆိုင်ရာ တာဝန်ရှိသူများ၏ ဖြည့်ဆည်းပေးနိုင်မှုတို့

“စီးပွားရေး တွက်ခြေကိုက်တာကြောင့် ဒီဒေသမှာ ဝါစိုက်တောင်သူတွေ တစ်နှစ်ထက်တစ်နှစ် ပိုများလာပါတယ်”
ဦးမြသောင်း
(ဝါစိုက်တောင်သူ)

ကြောင့် ငွေချည်(၆) ချည်မျှင်ရှည်ဝါကို တစ်နှစ်ထက်တစ်နှစ် ပို၍ စိုက်ပျိုးလာကြသဖြင့် စီးပွားရေး တွက်ခြေကိုက်ကာ လူမှုစီးပွားဘဝ တိုးတက် မြင့်မားလာလျက်ရှိပါကြောင်း ကွင်းဆင်းရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

...ရှိခဲ့တဲ့ ဇေယျာရွှေမြေနဲ့ ဥဿာ

...ကျက်နာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

အရန်အသင်းပြိုင်ပွဲဆိုရင် ရန်းကန်ရလေ့ရှိတဲ့ရတနာပုံအသင်း အခုပြိုင်ပွဲမှာ ရှုံးပွဲစတွေ့ခဲ့ပါတယ်။ ဥဿာအတွက်အနိုင်ဂိုးတွေကို ဇော်မျိုးသက်နဲ့ အောင်စိုးပိုင်တို့ကနှစ်ဂိုးစီ သွင်းယူခဲ့ပြီး ရတနာပုံအတွက် ချေပဂိုးတွေကို နိုင်နိုင်မင်းနဲ့ ရဲကိုဦးတို့က သွင်းယူခဲ့ပါတယ်။ ။ (မြန်မာ့အလင်း)

ယနေ့ပွဲ

သုဝဏ္ဏကွင်း

မနောမြေ - ဆောက်သမ်းမြန်မာ

အောင်ဆန်းကွင်း

ဇွဲကပင်ယူနိုက်တက် - ရန်ကုန်ယူနိုက်တက်

...ဦး၏ထိုးဖောက်မှုကို ဇေယျာရွှေမြေနောက်ခံလူ

○ *ရှေ့ဖုံးမှ*

နှစ်သိမ့်ဆု ရရှိကြသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဆုရရှိသူများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် မိုးနဲ-ကျိုင်းတုံရထားလမ်းဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ သိရှိလိုသည်များ မေးမြန်းကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ကျိုင်းတုံ-မိုးနဲလမ်း၌ ပြေးဆွဲမည့် ရထားတွဲဆိုင်းသစ်နှင့် ဘူတာဝင်းအတွင်း သံလမ်းခင်းနေမှု များကိုလည်းကောင်း၊ ကျိုင်းတုံ-မိုင်းဆတ် လမ်းပိုင်းသံလမ်းလုပ်ငန်းပြီးစီးမှုနှင့် ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ မိုးနဲ-ကျိုင်းတုံရထားလမ်း လမ်းပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

ဘရာဇီးနှင့် ပေါ်တူဂီ နောက်တစ်ဆင့်တက်ရောက် အိုင်ဗရီကို့စ် နိုင်သော်လည်း နှုတ်ဆက်ပြန်ကြရ

မြင့်မောင်စိုး-စုစည်းရေးသားသည်

ဂျိုဟန်နစ္စဘတ် ဇွန် ၂၅

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပြိုင်ပွဲများကို ဇွန် ၂၅ရက် ညပိုင်းက တောင်အာဖရိကနိုင်ငံ၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အုပ်စု(ဆ)မှ နာမည်ကြီးဘရာဇီးနှင့်ပေါ်တူဂီအသင်းတို့သည် ဒါဘန်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂိုးမရှိသရေပွဲဖြစ်သွားသည်။

ပွဲစသည်နှင့် နှစ်သင်းစလုံး အနိုင်ဂိုးသွင်းနိုင်ရေး အပြန်အလှန် အကြိတ်အနယ် ထိုးဖောက်ကစားခဲ့သည်။ ဘရာဇီးအသင်းတွင် အနီကတ်ထိထားသော ကာကာမပါဝင်ခဲ့၍ ကွင်းလယ်ဖန်တီးမှု အားနည်းခဲ့သည်။ တစ်ဖက်နှင့်တစ်ဖက် ဂိုးရရှိရေး အကြိတ်အနယ်ကြိုးစားရာမှ အဝါကတ်အများဆုံး အပြခံရသည့် ပွဲဖြစ်ခဲ့သည်။

အုပ်စုဗိုလ်

စီရိုနယ်ဒိုဦးဆောင်သော ပေါ်တူဂီအသင်းသည် တိုက်စစ်အားကောင်းသော်လည်း ဘရာဇီးနောက်တန်းခံစစ်မှူးများ အကွက်စေ့အောင် ကစားနိုင်ခဲ့သဖြင့် ပေါ်တူဂီတို့ ဂိုးပေါက်ပျောက်ခဲ့ရသည်။ ပွဲပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်သဖြင့် သရေပွဲနှင့် အဆုံးသတ်ခဲ့သည်။

ဘရာဇီးဂိုးထဲသို့ စီရိုနယ်ဒိုက ဤသို့ ခေါင်းတိုက် ဂိုးသွင်းယူရန် ကြိုးစားခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

သို့သော် ဘရာဇီးက အုပ်စုဗိုလ်ရပြီး ပေါ်တူဂီက အုပ်စုဒုတိယရရှိကာ နောက်ဆုံး ၁၆သင်း ရှုံးထွက်အဆင့်ပြိုင်ပွဲသို့ တက်ရောက်လာသည်။

အုပ်စု(ဆ)မှ တစ်အုပ်စုတည်းအသင်းများဖြစ်ကြသည့် အိုင်ဗရီကို့စ်နှင့် မြောက်ကိုရီးယားတို့သည် အမ်ဘွန်ဘီလာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပွဲစသည်နှင့် တိုက်စစ်မှူး ဒရော့ဘာဦးဆောင်သော အိုင်ဗရီကို့စ်အသင်းက ခြိမ်းခြောက်ကစားခဲ့သည်။ ပွဲစပြီး ၁၄မိနစ်အကြာ အာသာဘိုကာ ဖြတ်တင်ပေးလိုက်သော ဘောလုံးမှတစ်ဆင့် ယာယာတိုရေးက အိုင်ဗရီကို့စ်အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ အိုင်ဗရီကို့စ်အသင်းအတွက် ဒုတိယအနိုင်ဂိုးကို ပထမဂိုးသွင်းပြီး ခြောက်မိနစ်အကြာ ရိုမာရစ်က ခေါင်းတိုက်ဂိုးဖြင့် သွင်းယူခဲ့သည်။

အာဖရိကဆင်ဟု တင်စားခေါ်ဝေါ်သည့် အိုင်ဗရီကို့စ်အသင်းသည် မြောက်ကိုရီးယားနောက်တန်းကို ခြိမ်းခြောက်ကစားနေရာမှ ပွဲချိန် ၈၂မိနစ်တွင် အလယ်တန်း ဘယ်တောင်ပံမှ ဖြတ်တင်ပေးလိုက်သော ဘောလုံးကို လူစားဝင်လာသူ ကာလူးက ညာခြေဖြင့် ပြေးဝင်ပိတ်သွင်းလိုက်၍ အိုင်ဗရီကို့စ်တို့ တတိယပွဲသိမ်းဂိုးရခဲ့သည်။

ကိုးကား-အင်တာနက်

အုပ်စု(ဆ)အသင်းများရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ဘရာဇီး	၃	၂	၁	၀	၇
၂	ပေါ်တူဂီ	၃	၁	၂	၀	၅
၃	အိုင်ဗရီကို့စ်	၃	၁	၁	၁	၄
၄	မြောက်ကိုရီးယား	၃	၀	၀	၃	၀

ကျောင်းကျန်းမာရေးလုပ်ငန်းများ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်

မြင့်မြင့်ဦး (ပညာရေး)

လူတိုင်းပထမဆုံး ဦးစားပေးရွေးချယ်သင့်သည်မှာ ကျန်းမာရေးပင်ဖြစ်သည်။ ကျန်းမာမှ မိမိ၏ ဘဝမျှော်လင့်ချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်မည် ဖြစ်သည်။ မိမိအကျိုးသာမက အများအကျိုး၊ နိုင်ငံနှင့်လူမျိုးအကျိုးကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကျန်းမာခြင်း၏ အဓိပ္ပာယ်ကို **“ကျန်းမာခြင်းဆိုသည်မှာ ရောဂါဝေဒနာ ကင်းရှင်း၍ ကိုယ်အင်္ဂါချွတ်ယွင်းမှု မရှိရုံမျှမက ကိုယ်တွင်းကျန်းမာမှုနှင့် ပြည့်စုံခြင်း၊ စိတ်ချမ်းသာမှုရှိခြင်း၊ ပတ်ဝန်းကျင်နှင့် ပူးပေါင်းဆက်ဆံမှု အဆင်ပြေကောင်းမွန်ခြင်းတို့ပင် ဖြစ်သည်”**ဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည်။

ယနေ့မျိုးဆက်သစ် ကျောင်းသားလူငယ်များသည် နောင်အနာဂတ်တွင် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို မလွဲမသွေ ပခုံးပြောင်းယူကြရမည့်သူများ ဖြစ်သည်။ ထိုကျောင်းသား လူငယ်များသည် ကျန်းမာကြံ့ခိုင်၍ အရည်အချင်း ပြည့်ဝကြပါမှ နိုင်ငံတော်အတွက် အားထားရသူများဖြစ်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ကျန်းမာရေးဌာနက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်၍ ပညာရည်မြင့်မားရေးဟူသော လူမှုရေးဦးတည်ချက်ဖြင့် ကျောင်းသားလူငယ်များ အပါအဝင် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက် အမျိုးသားကျန်းမာရေး စီမံကိန်းများကို စနစ်တကျရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားကျန်းမာရေးစီမံကိန်း၊ လူထုကျန်းမာရေးအဆင့် စောင့်ရှောက်မှုစီမံချက်တွင် တစ်ခုအပါအဝင်ဖြစ်သည့် “ကျောင်းကျန်းမာရေးလုပ်ငန်း” စီမံချက်ဖြင့် မျိုးဆက်သစ် ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းရှိ လူသားတို့၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားမှုသည် စနစ်ကျထိရောက်သော ကျောင်းကျန်းမာရေးစီမံချက်များဖြင့် ဆောင်ရွက်ခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိရသည်။ ၁၉၉၅ ခုနှစ်မှစတင်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ Global School Health Inititative အစီအစဉ်ဖြင့် ကမ္ဘာတစ်ဝန်းလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်ကို အကောင်အထည်ဖော်သောအားဖြင့် ၁၉၉၆ ခုနှစ်မှစတင်၍ ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းများ ထူထောင်ရေးစီမံချက်ကို ရေးဆွဲကာ ၁၉၉၈ ခုနှစ်တွင် မြို့နယ်၉ဝ၌ စတင်အကောင်အထည်ဖော်ခဲ့သည်။ ကျောင်းကျန်းမာရေးလုပ်ငန်းသည် နိုင်ငံနှင့်လူမျိုးအတွက် အရေးကြီးသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ရပ်လည်း ဖြစ်သည်။ ကျောင်းသည် ကျောင်းသားလူငယ်တို့၏ ကာယသုခ၊ စိတ္တသုခ၊ လူမှုသုခ တည်းဟူသော ပကတိ ကျန်းမာရေး၏ အချက်ကြီးသုံးချက်ကို ဖြည့်ဆည်းပေးရမည့်နေရာဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ကျောင်းသည် တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးစတင်ရာ အချက်အချာအကျဆုံး ဗဟိုဌာနကြီးဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ **“အမျိုးသားကျန်းမာရေးအစ စာသင်ကျောင်းက”**ဟု ဆိုရမည်။ ထိုလုပ်ငန်းကြီး အောင်မြင်အောင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန်မှာ ကျောင်းအုပ်ကြီးအပါအဝင် ဆရာ ဆရာမများအားလုံး၏ တာဝန်ဖြစ်သည်။ မိမိတို့ကိုယ်၌က အရေးကြီးသောလုပ်ငန်း၊ မလုပ်မဖြစ် လုပ်ရမည့်လုပ်ငန်း၊ လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းဟု ခံယူထားရမည်။ တစ်နည်းအားဖြင့် လုပ်ငန်းအပေါ် စိတ်ဝင်စားမှုရှိကြရမည်။

ကျောင်းဖွင့်စတွင် ကျောင်းကျန်းမာရေးကော်မတီဖွဲ့စည်းပြီး ကျောင်းကျန်းမာရေး လုပ်ငန်းကြီး(၉)ချက်ကို လုပ်ငန်းစီမံချက်များရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်ရသည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းလျက် နှစ်စဉ် ဩဂုတ်လ ဒုတိယပတ်ကို ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် သတ်မှတ်၍ အခြေခံပညာကျောင်းအလိုက် အောက်ပါကျောင်းကျန်းမာရေး လုပ်ငန်းစဉ်(၅)ရပ်ကို ဆောင်ရွက်ကြရသည်-

- **(က) ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊**
- **(ခ) ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊**
- **(ဂ) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊**
- **(ဃ) ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း၊**
- **(င) ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း။**

ထိုမျှမကသေး တစ်နှစ်ပတ်လုံး ကျောင်းကျန်းမာရေးနှင့် ပတ်သက်၍

- **(၁) နေ့စဉ်ဆောင်ရွက်ရမည့်လုပ်ငန်း၊**
- **(၂) အပတ်စဉ်ဆောင်ရွက်ရမည့်လုပ်ငန်း၊**
- **(၃) လစဉ်ဆောင်ရွက်ရမည့်လုပ်ငန်း၊**
- **(၄) အခါအားလျော်စွာ ဆောင်ရွက်ရမည့်လုပ်ငန်းများ**

ဟူ၍ ယေဘုယျအားဖြင့် ကဏ္ဍခွဲကာ ဆောင်ရွက်ကြရသည်။

ကျောင်းသားလူငယ်များ ကျန်းမာရေးနှင့် ပတ်သက်သော အလေ့အကျင့်ကောင်းများကို သိရှိကြပြီး ထိုအလေ့အကျင့်ကောင်းများကို လက်တွေ့လိုက်နာကျင့်သုံးကြဖို့လိုသည်။ ဆရာ ဆရာမများသည် အောင်ရှုံးဆုံးဖြတ်ပေးသော ကျောင်းသင်ဘာသာရပ်များကို သင်ကြားပေးရုံမက ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ်၌ ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာများကိုပါ အလေးပေး သင်ကြားသင့်သည်။

မူလတန်းကလေးများအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး လေ့ကျင့်စဉ်(၁၀)ချက်ကို အလွတ်ရွတ်ဆိုနိုင်ရုံမကဘဲ လက်တွေ့လိုက်နာလုပ်ဆောင်ကြရန်လည်းလိုသည်။ မူလတန်းကလေးအရွယ်တွင် နားလည်နိုင်စွမ်းနည်းသေးသဖြင့် မိဘများကိုခေါ်ယူကာ ပညာပေးဖို့လိုသည်။ တနင်္လာနေ့တိုင်း အတန်းပိုင်ဆရာမများက တစ်ကိုယ်ရေသန့်ရှင်းရေးကို စစ်ဆေးကြရမည်။ နေ့စဉ် လက်ကိုင်ပဝါများ ချိတ်ပေးရန်၊ ဘောင်းဘီအရှည် ဝတ်ဆင်ပေးရန်၊ ရေကို ကျိုချက်၍ ထည့်ပေးရန်၊ အိမ်သာအဆင်း ဆပ်ပြာနှင့်လက်ကို စင်ကြယ်စွာဆေးရန်၊ ညအိပ်ရာဝင်လျှင် သွားတိုက်ရန်စသော အလေ့အကျင့်များ ပြုလုပ်ပေးရန် မိဘများအား မှာကြားရမည်။

ကျောင်း၌လည်း အိမ်သာအဆင်းတွင် လက်ဆေးရန် ဆပ်ပြာနှင့် ရေတို့ကို စီစဉ်ပေးထားရမည်။ အမှိုက်များကိုလည်း တွေ့ရာနေရာတွင်မပစ်ဘဲ အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်သော အလေ့အကျင့်များ ပြုလုပ်ပေးရမည်။ ကျန်းမာရေး ပညာပေးကဗျာများ၊ သီချင်းများသီဆိုစေခြင်း၊ တေးသရုပ်ဖော်ကပြစေခြင်းသည် ကျောင်းသားလူငယ်များကို ပျော်ရွှင်စေပြီး ကျန်းမာရေးအသိပညာများ ခေါင်းထဲ၌ စွဲသွားစေသည်။ ထို့အပြင် ကျန်းမာရေးနှင့်ပတ်သက်သည့် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းများရေးခိုင်းပြီး နံရံကပ်စာစောင်ပြုလုပ်၍ ဖတ်စေခြင်းဖြင့်လည်း ကျန်းမာရေးဗဟုသုတများ ရရှိစေသည်။ သတင်းစာထဲ၌ပါသော ကျန်းမာရေးနှင့်ပတ်သက်သည့် ဆောင်းပါးများကို ဖြတ်၊ ညှပ်၊ ကပ်ပြုလုပ်ခြင်းဖြင့်လည်း ကျန်းမာရေးအသိများ ရစေနိုင်သည်။ ကျောင်းစုဝေးပွဲကို အနည်းဆုံးတစ်လလျှင် တစ်ကြိမ်ခန့်ပြုလုပ်ပြီး ကျောင်းအုပ်ကြီးကသော်လည်းကောင်း၊ အတန်းမှူးများကသော်လည်းကောင်း၊ ကျန်းမာရေးပညာပေးဟောပြောပွဲများကိုလည်း ပြုလုပ်ပေးသင့်သည်။ ထိုလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ကျောင်းသားလူငယ်ထုအတွင်း ကျန်းမာရေး အသိပညာများ စိမ့်ဝင်ပျံ့နှံ့သွားမည်ဖြစ်သည်။

ဤသို့ဖြင့် အနာဂတ်နိုင်ငံတော်အတွက် အင်အားများဖြစ်လာကြမည့် ယနေ့ကျောင်းသားလူငယ်တို့၏ ကျန်းမာကြံ့ခိုင်ရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို နိုင်ငံတော်၏အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သက်ဝင်ယုံကြည်ကာ ကျောင်းအုပ်ကြီးအပါအဝင် ဆရာ ဆရာမများအားလုံး တက်ညီလက်ညီဖြင့် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

အနာဂတ် နိုင်ငံတော်အတွက် အင်အားများ ဖြစ်လာကြမည့် ယနေ့ ကျောင်းသားလူငယ်တို့၏ ကျန်းမာကြံ့ခိုင်ရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို နိုင်ငံတော်၏အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သက်ဝင်ယုံကြည်ကာ ကျောင်းအုပ်ကြီးအပါအဝင် ဆရာ ဆရာမများအားလုံး တက်ညီလက်ညီဖြင့် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်။

ကမ္ဘာ့ဖလား နောက်ဆုံးရသတင်းများ

အာကာဟိန်း စုစည်းသည်

ကမ္ဘာ့ဖလားပွဲ၌ တောင်အာဖရိကအမြတ်ငွေ ဒေါ်လာသန်း ၁၀၀ခန့်ရမည်

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့်အတွက် တောင်အာဖရိကနိုင်ငံသည် အမြတ်ငွေဒေါ်လာသန်း ၁၀၀ခန့် ရရှိနိုင်မည်ဖြစ်ရာ တောင်အာဖရိကဘောလုံးလောက တိုးတက်ဖွံ့ဖြိုးရေးဆောင်ရွက်မည်ဟု တောင်အာဖရိကဘောလုံးအဖွဲ့ချုပ်က ဇွန် ၂၅ရက်၌ သတင်းထုတ်ပြန်သည်။

အဲရစ်ဆင် နည်းပြတာဝန်ဆက်ယူရေး စဉ်းစားမည်

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် အိုင်ဗရီကို့စ်အသင်းနည်းပြတာဝန်ကို ကမ္ဘာ့ဖလားပွဲ ပြီးဆုံးပါက ဆက်လက်တာဝန်ယူမှုအပေါ် မိမိစဉ်းစားမည်ဖြစ်ကြောင်း နည်းပြ အဲရစ်ဆင်က ဇွန် ၂၅ရက်၌ သတင်းထောက်များအား ပြောကြားသည်။

ဂိုးအများဆုံးသွင်းထားသည့် ဘောလုံးသမားများ

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပွဲ၌ ဂိုးအများဆုံးသွင်းယူထားသည့် ဘောလုံးသမားများမှာ ဂွန်ဇာလို(အာဂျင်တီးနား)သုံးဂိုးနှင့် နှစ်ဂိုးစီသွင်းယူထားသော ဘောလုံးသမားများမှာ ဗစ်တက်ခ်(ဆလိုဗက်ကီးယား)၊ တီရာဂို(ပေါ်တူဂီ)၊ အီလာနို(ဘရာဇီး)၊ ဟွန်ဒါ(ဂျပန်)၊ ဟိုလ်မင်း(ဩစတြေးလျ)၊ ဒေးဗစ်ဗီလာ(စပိန်)၊ ဖာဘီယာနို(ဘရာဇီး)၊ အူချီ(နိုင်ဂျီးရီးယား) ၊ ဒိုနိုဗင်(အမေရိကန်)၊ လီဂျန်ဆူး(တောင်ကိုရီးယား)၊ ဖော်လန်(ဥရုဂွေး)၊ အီတူး (ကင်မရွန်း) တို့ဖြစ်ကြသည်။

အနီကတ်တိုက်ရိုက်ပြအထုတ်ခံရသည့် ဘောလုံးသမားများ

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲ၌ အနီကတ်ပြတိုက်ရိုက်အထုတ်ခံထားရသည့် ဘောလုံးသမားခြောက်ဦးရှိခဲ့ရာ ၎င်းတို့မှာ တင်ကာဟေး(ဩစတြေးလျ)၊ ကီးဝဲလ်(ဩစတြေးလျ)၊ ဂူရာကပ်ဖ်(ပြင်သစ်)၊ ကီတာ(နိုင်ဂျီးရီးယား)၊ ခွန်း(တောင်အာဖရိက)၊ ဘီရာမီ (ဆွစ်ဇာလန်)တို့ ဖြစ်ကြသည်။

၂၀၁၀ ကမ္ဘာ့ဖလားပွဲမှသည် ၂၀၂၀ အိုလံပစ်ဆီသို့

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှ အောင်မြင်မှုများကြောင့် တောင်အာဖရိကနိုင်ငံသည် ၂၀၂၀အိုလံပစ်အားကစားပွဲတော်အတွက်လည်း အိမ်ရှင်အဖြစ်တာဝန်ယူနိုင်သည်ကိုပြသနိုင်ခဲ့ကြောင်း တောင်အာဖရိကအားကစားအရာရှိများက ဇွန် ၂၅ရက်၌ ပြောကြားသည်။

ဂျပန်ပရိသတ်များ ညလုံးပေါက်အောင်ပွဲခံခဲ့ကြ

ဂျပန်အသင်းသည် ဒိန်းမတ်ကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ပွဲရပြီး အုပ်စုဒုတိယဖြင့် သိက္ခာရှိစွာ နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့ရာ ဂျပန်နိုင်ငံတစ်ဝန်း မြို့ကြီးများတွင် ပရိသတ်များ ညလုံးပေါက်အောင်ပွဲခံခဲ့ကြကြောင်း တိုကျိုမြို့ ရဲတပ်ဖွဲ့ဝင်များက ဇွန် ၂၅ရက်၌ ပြောကြားသည်။

အာဖရိကဘောလုံးအသင်းများ လိုအပ်ချက်များရှိနေ

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို တောင်အာဖရိကနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခဲ့သော်လည်း အာဖရိကဘောလုံးအသင်းများ၏ခြေစွမ်းမှာ အသင်းလိုက်၌ လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း အိုင်ဗရီကို့စ်နည်းပြအဲရစ်ဆင်က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ဇွန် ၂၅ရက်၌ ပြောကြားသည်။

ဂျပန်အသင်းအောင်မြင်မှုအပေါ် ပတ်ဂျီဆန်ဂုဏ်ယူ

ဂျပန်အသင်းသည် ဒိန်းမတ်အား အနိုင်ရပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့ပြီဖြစ်ရာ ဂျပန်အသင်း၏ အောင်မြင်မှုအပေါ် မိမိဂုဏ်ယူဝမ်းမြောက်ကြောင်း တောင်ကိုရီးယား အသင်းခေါင်းဆောင်ပတ်ဂျီဆန်က ဇွန် ၂၅ရက်၌ ပြောကြားသည်။

အာဖရိကအသင်းများ တိုးတက်လာမည်ဟု ဖီဖာဥက္ကဋ္ဌ ပြောကြား

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အာဖရိကပြည်သူများ၏ အားပေးမှုနှင့် တာဝန်ရှိသူများ၏ ကြိုးစားမှုတို့ကို မြင်တွေ့ရမှုကြောင့် အာဖရိကအသင်းများ၏ အနေအထားသည် တိုးတက်မှုရှိလာတော့မည်ဖြစ်ကြောင်း ကမ္ဘာ့ဖလားဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဆပ်ဘလတ္တာက ဇွန် ၂၅ရက်၌ ပြောကြားသည်။

တောင်အမေရိကအသင်းများ ဗိုလ်စွဲနိုင်ဟု သုံးသပ်

၂၀၁၀ ကမ္ဘာ့ဖလားပွဲ၌ တောင်အမေရိကအသင်းများသာ အောင်မြင်မှုများရရှိပြီး ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ဖွယ်ရှိကြောင်း တောင်အာဖရိကရှိ ဖီဖာတာဝန်ရှိသူများက ဇွန် ၂၃ ရက်၌ ပြောကြားသည်။

အင်္ဂလန်ပရိသတ်တစ်ဦး ထိန်းသိမ်းခံရ

၂၀၁၀ ကမ္ဘာ့ဖလားပွဲ၌ တောင်အာဖရိကနိုင်ငံ ကိတ်ဗ်တောင်းမြို့တွင် ကျင်းပသော အယ်လ်ဂျီးရီးယားနှင့်အင်္ဂလန်တို့ပွဲအား စည်းကမ်းမဲ့ကြည့်ရှုအားပေးခဲ့သည့် အသက် ၃၂ နှစ်အရွယ် အင်္ဂလန်နိုင်ငံသားတစ်ဦးအား လုံခြုံရေးများကထိန်းသိမ်းခဲ့ကြောင်း၊ ယခုပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ကိတ်ဗ်တောင်းမြို့ ရဲတပ်ဖွဲ့က ဇွန် ၂၅ ရက်၌ ပြောကြားသည်။

အနီကတ်၊ နှစ်ဝါတစ်နီနှင့်အဝါကတ်သုံးစွဲစာရင်းထုတ်ပြန်

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ဇွန် ၂၅ရက်အထိ ယှဉ်ပြိုင်ပြီးသော ဘောလုံးပွဲများတွင် ကွင်းလယ်ဒိုင်လူကြီးများက တိုက်ရိုက်အနီကတ် ခြောက်ကြိမ်၊ နှစ်ဝါတစ်နီ အနီကတ်ခြောက်ကြိမ်နှင့် အဝါကတ်တစ်ကြိမ်ပြ စုစုပေါင်း ၁၆၂ ကြိမ် အသုံးပြုခဲ့ကြောင်း ဖီဖာက ဇွန် ၂၅ရက်၌ သတင်းထုတ်ပြန်သည်။ *(အင်တာနက်)*

26-6 (10).pmd 1 6/26/2010, 2:30 AM

ရှုံးထွက်အဆင့်၌ ပတ်ဂျီဆန်တို့ အာရှဂုဏ်ဆောင်နိုင်ပါ့မလား

ဂါနာကို အကြိတ်အနယ်ရင်ဆိုင်ရမည့် အမေရိကန်

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ကိတ်ဖ်တောင်း ဇွန် ၂၅

၂၀၁၀ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်များ ပြီးဆုံးခဲ့ပြီဖြစ်သည်။ မထင်မှတ်သည့် အသင်းအချို့မှလွဲပြီး အသင်းကြီးအများစု အုပ်စုအဆင့်မှ တက်ရောက်နိုင်ခဲ့ကြသည်။ ထူးထူးခြားခြားအနေဖြင့် ယခုကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ တောင်အမေရိကအသင်းများ မျက်နှာပန်းလှခဲ့ကြသည်။ ကမ္ဘာ့ဖလား ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်များကို ဇွန် ၂၆ရက် (ယနေ့) ၌ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ပရိသတ်များ သည်းထိတ်ရင်ဖို ဖြစ်စရာပွဲများအဖြစ် ရင်ခုန်စွာ မြင်တွေ့ကြရမည်ဖြစ်သည်။

ဥရုဂွေးတို့အနိုင်ရရေးဖော်လန် အဆုံးအဖြတ်ပေးမှာလား။

တောင်ကိုရီးယားအိပ်မက်ကို ပတ်ဂျီဆန် အကောင်အထည်ဖော်ပေးနိုင်ပါ့မလား။

ဥရုဂွေးနှင့် တောင်ကိုရီးယား

အုပ်စု(က)မှ ပထမရရှိသည့် ဥရုဂွေးတို့နှင့် အုပ်စု(ခ)မှ ဒုတိယရရှိခဲ့သည့် တောင်ကိုရီးယားတို့ တွေ့ဆုံမှုက ထူးခြားသည်။ သမိုင်းမှတ်တမ်းတွင် တောင်အမေရိကအသင်းများကို အာရှအသင်းများ မယှဉ်နိုင်ခဲ့ချေ။ သို့သော် တောင်ကိုရီးယားတို့၏ ယခုကမ္ဘာ့ဖလားပွဲခြေစွမ်းကား မထင်မှတ်သည်များ စွမ်းဆောင်ပြနေရာ ဥရုဂွေးကို ကြံ့ကြံ့ခံကစားမည် ဖြစ်သည်။ တောင်ကိုရီးယားတွင် ပတ်ဂျီဆန်နှင့် လီဂျုန်ဆူးတို့ အဓိကမောင်းနှင်အားများ ဖြစ်ကြသည်။ အသင်း၏ ကစားကွက်အတက်အကျကို ဖန်တီးနိုင်ကြပြီး ဂိုးလည်း သွင်းယူနိုင်ကြသည်။ လက်ရှိအနေအထား၌ လီဂျုန်ဆူးက နှစ်ဂိုးသွင်းထားပြီး ပက်ဂျီဆန်က တစ်ဂိုးသွင်းယူထားနိုင်သည်။ တောင်ကိုရီးယားတို့က အပေးအယူမှန်ပြီး တောင်ပံမှ ဖြတ်တင်ဘောနှင့် ကွင်းလယ်မှ အဆုံးသတ်မှုတို့၌ ထိရောက်မှုရှိနေသည်။

ဥရုဂွေးတို့ကအုပ်စု(က)တွင် ထိပ်ဆုံးမှတက်လာသူများဖြစ်ပြီး ယခုနှစ်ခြေစွမ်းကား ထူးထူးခြားခြား တည်တည်ငြိမ်ငြိမ်ဖြစ်နေသည်။ ဥရုဂွေးတိုက်စစ်မှူးများဖြစ်သည့် ဒီဂိုဖော်လန်တို့အုပ်စုက တောင်ကိုရီးယား နောက်တန်းကို တစ်ဟုန်ထိုး တိုက်စစ်ဆင် ထိုးဖောက်ဂိုးသွင်းနိုင်စွမ်းရှိကြသူများဖြစ်သည်။ အသင်းလိုက်ကစားအားကောင်းပြီး နေရာအလိုက် အားသာချက်၌လည်း တောင်ကိုရီးယားတို့ထက်ပိုကောင်းသည်။ တိုက်စစ်၊ ခံစစ်မျှအောင် ကစားနိုင်ကြသူများဖြစ်ရာ တောင့်တင်းသည့် ဥရုဂွေးနောက်တန်းကို တောင်ကိုရီးယားတို့ ခက်ခဲစွာ ဖြတ်ကျော်ရမည်။ ယခုပွဲ၌ ဥရုဂွေးတို့ စွမ်းဆောင်မှုပိုမြင့်မားသည်မှန်သော်လည်း တောင်ကိုရီးယားကိုလည်း လျှော့တွက်၍မရသည်ဖြစ်ရာ အနိုင်ရမှုအခွင့်အရေးက ညီမျှမှုရှိနေသည်။ သို့သော် ဥရုဂွေးတို့က နှာတစ်ဖျားအသာရှိနေမှုက အမှန်ပင်....။

အမေရိကန်နှင့် ဂါနာ

အုပ်စု(ဂ)၌ အမေရိကန်တို့က တစ်ပွဲနိုင်၊ နှစ်ပွဲသရေငါးမှတ်ဖြင့် အုပ်စုပထမရကာ ရှုံးထွက်အဆင့်သို့ တက်လာသည်။ ဂါနာကလည်း အုပ်စု(ဃ)၌ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် လေးမှတ်ရရှိကာ ရှုံးထွက်အဆင့်သို့ ဒုတိယနေရာမှ တက်လာခဲ့သည်။ အမေရိကန်တို့ခြေစွမ်းက အားရမှု မရှိသော်လည်း ဒိုနိုဗင်တို့က စွမ်းဆောင်ရည် မြင့်မားကြသည်။ အခက်အခဲကြားမှ ဂိုးရအောင်လည်း သွင်းနိုင်သည်။ အမေရိကန်ဂိုးသမား တင်ဟောင်းဝပ်ကလည်း အပိုင်ဂိုးများကို လက်စွမ်းပြကာကွယ်နိုင်နေရာ အမေရိကန်ခြေစွမ်းက မှန်းဆ၍ မရသည့်ရလဒ်မျိုးကို ဖော်ဆောင်နိုင်နေသည်။ သို့သော် အမေရိကန်တို့က တစ်ဖက်အသင်း ဂိုးဧရိယာအတွင်း ဘောလုံးပျက်မှု များနေတတ်သည်။ ကွင်းလယ်မှ ဖန်တီးပေးမှုများတွင်လည်း အပိုအလိုများ ဖြစ်နေတတ်ပြန်သည်။ တိုက်စစ်မှူးများအတွက် ဖန်တီးပေးပို့နိုင်မှုအပိုင်းတွင် အားနည်းသည်။ သို့သော် ဂါနာအသင်းတိုက်စစ်ကို ကွင်းလယ်မှ ခံစစ်မှူးများအားနှင့်ဟန့်တားနိုင်စွမ်းတော့ ရှိနေသည်။

ဂါနာတို့ကလည်း အုပ်စုပွဲအတွင်း မာမာတင်းတင်းဖြင့် အင်အားသုံးပြီး ဖြတ်ကျော်ခဲ့ရသည့်ပွဲများချည်း ဖြစ်ခဲ့သည်။ အုပ်စု(ဃ)၌ ဒုတိယနေရာမှ တက်လာခဲ့ရသော်လည်း တစ်သင်းလုံး အင်အားပြည့်ကစားနိုင်သည်။ ဂါနာတိုက်စစ်မှူး အဆာမိုဂျန်က ဂိုးသွင်းနိုင်ပြီး ဂိုးရအောင်လည်း ဖန်တီးနိုင်သည်။ ဂါနာတွင် ဗိုရာဆက်၊ တာဂိုအီ၊ အင်နန်၊ လီအက်ဒီ၊ မင်ဆက်တို့က အဝင်အထွက်ကြမ်းကြမ်း ကစားတတ်မှုကို သတိထားရမည်ဖြစ်သည်။ အနီကတ်လိုင်လိုင်သုံးခွင့်ပေးထားသည့် ကွင်းလယ်ဒိုင်လူကြီးများ၏ အဆုံးအဖြတ်က ပွဲရလဒ်ကို မမျှော်လင့်ဘဲ ပြောင်းလဲသွားနိုင်သည်။

ဂါနာတိုက်စစ်မှူးများက ကွင်းလယ်နှင့်တောင်ပံများမှ နေရာစုံတိုက်စစ်ဆင်နိုင်သော်လည်း ဂိုးဧရိယာအတွင်း၌ လွဲချော်မှုများ၊ မသေချာမှုများနှင့် ပါးနပ်မှုများ လိုအပ်နေရာ အမေရိကန်တို့အင်အားကောင်းကောင်းဖြင့် ခံစစ်ကြောင်းကို လုံအောင်ပိတ်ဆို့ကစားလျှင် ဂါနာတို့ အခက်အခဲတွေ့နိုင်သည်။ သို့သော် လျင်မြန်မှုနှင့် အင်အားသုံး တိုက်စစ်ဆင်မှုအပိုင်းတွင် ဂါနာတို့က စွမ်းရည်မြင့်ကြသူများဖြစ်ရာ အမေရိကန်တို့ လက်ရှိခြေစွမ်းနှင့် သိပ်တော့ မလွယ်ချေ။ နည်းဗျူဟာအပိုင်းတွင် အမေရိကန်တို့ကို အကြိုက်တွေ့သော်လည်း ဂါနာတို့၏ ပွဲချိန်ပြည့် ပါဝါသုံးကစားမှုကလည်း နှစ်ခြိုက်စရာပင်ဖြစ်သည်။ ဂါနာတို့ အာဖရိကဂုဏ်ကို ဆောင်နိုင်ရန် မည်မျှအထိ အားထုတ်စွမ်းဆောင်နိုင်မှုအပေါ် အားပေးရမည်ပင်ဖြစ်သည်။ ။ **(အင်တာနက်)**

အမေရိကန်အတွက် အားထားရနိုင်မည့် ဒိုနိုဗင်။

ဂါနာတိုက်စစ်ကို အဆာမိုဂျန် ဦးဆောင်မှာလား။

လိမ္မော်ရောင် နယ်သာလန်တို့ နိုင်ပွဲအပြည့်ရရှိ

ဂျပန်လည်း သိက္ခာရှိစွာ အုပ်စုမှတက်နိုင်

မောင်ချစ်ကြည် - ရေးသားသည်



ကိတ်ဖ်တောင်း ဇွန် ၂၅

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပွဲစဉ်(၄၃)အဖြစ် ကင်မရွန်းနှင့် နယ်သာလန်၊ ပွဲစဉ်(၄၄)အဖြစ် ဒိန်းမတ်နှင့် ဂျပန်တို့ ဇွန် ၂၅ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားကြရာ နယ်သာလန်က နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သလို ဂျပန်တို့ကလည်း ဒိန်းမတ်ကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့ကြသည်။

ကင်မရွန်းနှင့် နယ်သာလန်

နယ်သာလန်တို့ အုပ်စုမှတက်ပြီဖြစ်သော်လည်း ကင်မရွန်းတို့ကို အလျှော့မပေးဘဲ ကစားခဲ့သည်။ ဗန်ပါစီ၊ ဒရက်ကွက်ဇ်၊ ဗန်ဒါဗက်နှင့် ရှနိုက်ဒါတို့ကို အပြည့်ထုတ်ကာ တိုက်စစ်အင်အားပြည့်ဖြင့် ဂိုးရရှိရေး နယ်သာလန်တို့ ကြိုးစားခဲ့သည်။ ကင်မရွန်းကလည်း အသင်းခေါင်းဆောင် အီတူးကို တိုက်စစ်တွင်တင်ကာ အမ်ဘီရာ၊ ချူပိုတို့နှင့် အင်အားသုံးတိုက်စစ်ဆင်ခဲ့သည်။

နယ်သာလန်အတွက် အဖွင့်ဂိုးကို ၃၆ မိနစ်၌ ဗန်ပါစီက ဗန်ဒါဗက်နှင့် အပေးအယူလုပ်ပြီး ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့သည်။ ကင်မရွန်းတို့ကလည်း ချေပဂိုးရရှိရေးအတွက် အီတူး၏ကန်ချက်များ မသေချာမှုကြောင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်း ပြန်စသည်နှင့် ကင်မရွန်းတို့ ကစားအားတင်ခဲ့ရာ ပွဲချိန် ၆၅ မိနစ်၌ ဂိုးဧရိယာအတွင်း ဗန်ဒါဗက် လက်ဖြင့်ထိခဲ့ရာမှ ပယ်နယ်တီပေးခဲ့ရသည်။ ယင်းပယ်နယ်တီကို အီတူးက ကန်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိသွားခဲ့သည်။

အနိုင်ဂိုး

နယ်သာလန်တို့ အနိုင်ဂိုးသွင်းယူနိုင်ရေးအတွက် ဗန်ပါစီအစား ဟန်တယ်လာ၊ ဗန်ဒါဗက်အစား ရော်ဘင်တို့ကို ထည့်သွင်းကစားစေခဲ့သည်။ ၈၃ မိနစ်၌ ရော်ဘင် အပိုင်ကန်သွင်းချက်မှ ပြန်ထွက်လာသောဘောလုံးကို ဟန်တယ်လာက ကန်သွင်းယူလိုက်သဖြင့် နယ်သာလန်တို့ ဒုတိယဂိုးရရှိခဲ့သည်။ ထို့ကြောင့် နယ်သာလန်တို့ ပွဲအပြီး၌ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အုပ်စု(င)၌ နယ်သာလန်တို့ သုံးပွဲကစား ကိုးမှတ်ဖြင့် အုပ်စုပထမရရှိကာ နောက်တစ်ဆင့်သို့ သိက္ခာရှိစွာ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ကင်မရွန်းတို့က သုံးပွဲကစား သုံးပွဲစလုံးရှုံးခဲ့ကာ ပြိုင်ပွဲမှထွက်ခဲ့ရသည်။

ကင်မရွန်းနှင့် နယ်သာလန်အသင်းတို့ပွဲတွင် ဗန်ပါစီ(ယာ) ဂိုးသွင်းနိုင်ရေး ဤသို့ ကြိုးစားခဲ့သည်။

ဒိန်းမတ်နှင့် ဂျပန်

အုပ်စု(င)၌ ဒိန်းမတ်နှင့် ဂျပန်တို့ အကြိတ်အနယ် နွှဲခဲ့ရသည်။ ဂျပန်တိုက်စစ်တွင် အိုကူဘို၊ ဟွန်ဒါ၊ ဟာစီဘေနှင့် အင်ဒိုတို့က နေရာစုံမှ ထိုးဖောက်ကစားခဲ့သည်။ ဒိန်းမတ်တို့ကလည်း ၄း၃း၃ အခင်းအကျင်းဖြင့် ရွှန်းမဲလ်ဒါး၊ ဘန့်တနာ၊ တိုမာဆင်တို့ဖြင့် ဂျပန်နောက်တန်းကို ကျော်ဖြတ်ဂိုးသွင်းနိုင်ရေး ကြိုးစားခဲ့သည်။ ပွဲချိန် ၁၇ မိနစ်၌ ဟွန်ဒါက အလွတ်တည်ကန်ဘောမှတစ်ဆင့် ဂိုးသွင်းယူခဲ့သဖြင့် ဂျပန်တို့ အဖွင့်ဂိုးရရှိခဲ့သည်။

ဒုတိယဂိုး

ဂျပန်တို့ အဖွင့်ဂိုးရရှိပြီးနောက် ဆက်လက်ဖိကစားခဲ့ရာ ပွဲချိန်မိနစ် ၃၀၌ ဂျပန်ကွင်းလယ်ကစားသမား အင်ဒိုက အဝေးမှအလွတ်တည်ဘော ကန်သွင်းရာ ဂိုးဝင်သွားသဖြင့် ဂျပန်တို့ဒုတိယဂိုးရရှိခဲ့သည်။ ပထမပိုင်းပွဲချိန်၌ပင် ဂျပန်တို့နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပွဲချိန်အတွင်း ဒိန်းမတ်တို့ ချေပဂိုးများရရှိရေး ဖိကစားခဲ့ရာ ၈၁ မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘော ရရှိခဲ့သည်။ ယင်းပယ်နယ်တီကို တိုမာဆင် ကန်သွင်းယူခဲ့သဖြင့် ဒိန်းမတ်တို့ ချေပဂိုးတစ်ဂိုးရရှိခဲ့သည်။ သို့သော် ၈၇ မိနစ်၌ ဂျပန်တိုက်စစ်မှူး ဟွန်ဒါထိုးပေးလိုက်သည့်ဘောလုံးကို အိုကာဇာကီ သွင်းယူလိုက်သဖြင့် ဂျပန်တို့ တတိယဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အုပ်စု(င)တွင် ဂျပန်တို့က ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရကာ ရှုံးထွက်အဆင့်သို့ တက်ရောက်သွားပြီး ဒိန်းမတ်တို့ ပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။ ။ **(အင်တာနက်)**



ဒိန်းမတ်နှင့် ဂျပန်တို့ပွဲတွင် ဂျပန်တိုက်စစ်မှူး ဟွန်ဒါ(ဝဲ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။



စမ်းချောင်းမြို့နယ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုအသိပညာပေး ဟောပြောပွဲကို ဇွန် ၂၂ ရက်က အထက(၁)ကျောင်းခန်းမတွင် ကျင်းပရာ စမ်းချောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်မောင်သိန်းက မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ ဟောပြောစဉ်။ (၁၀၃)

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၀ ရက်က ဒိုက်ဦးမြို့ မြို့မစည်ပင်သာယာဈေး မီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်

လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ဆေးကြီးကြပ်ရေးမှူးအသင်းနှင့် တာမွေမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကို ဇွန် ၁၉ ရက်က တာမွေအထက(၃)၌ ကျင်းပစဉ်။ (၁၇၁)

26-6 (11).pmd 1 6/26/2010, 2:30 AM

ယာဉ်နှင့်လမ်းစည်းကမ်း တောင်ကြီးမြို့နယ်၌ ပညာပေးဟောပြော

တောင်ကြီး ဇွန် ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် ထီဟန်းဆွေးကျေးရွာ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ အသိပညာပေး ဟောပြောပွဲကို မေ ၁၄ရက် နံနက် ၉ နာရီက ထီဟန်းဆွေးကျေးရွာဘုန်းကြီးကျောင်းတွင်ကျင်းပရာ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ယာဉ်ထိန်းတာဝန်ခံဒုတိယရဲမှူးတင့်စိုးရှိန်က ရှမ်းပြည်နယ်(တောင်ပိုင်း)နယ်မြေတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများစနစ်တကျရှိရေးကိုလည်းကောင်း၊ တစ်နှစ် တစ်လ တစ်ပတ်အတွင်း ဖြစ်ပွား၊ ဒဏ်ရာရသေဆုံးမှုများကို ကိန်းဂဏန်းများဖြင့်ဟောပြောပြီး ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ယာဉ်မောင်းစစ်ဆေးရေးမှူး ဦးဇော်ကိုကိုဖေက ဆိုင်ကယ်စီးနင်းရာတွင် လိုက်နာရန်စည်းကမ်းချက်များနှင့် ယာဉ်မတော်တဆမှုကြောင့် ဖြစ်ပွားသည့်အနိဋ္ဌာရုံများနှင့် အင်တာနက်မှ ယာဉ်မတော်တဆဖြစ်ပွားပုံများကို ပညာပေးဟောပြောကြသည်။

(အပေါ်ပုံ) (ပြည်နယ် ကညန)

ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာသင်တန်း နမ့်ခမ်း၌ဖွင့်

နမ့်ခမ်း ဇွန် ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းကို နမ့်ခမ်းမြို့နယ် ကျားဖြူခန်းမ၌ ဇွန် ၂၀ရက် နံနက် ၉ နာရီက ကျင်းပရာ ခရိုင်ကော်မရှင်အဖွဲ့ဝင် ဦးဂွမ်းဆိုင်းလီနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတိုးတို့က အမှာစကားပြောကြားကြသည်။

ပို့ချ

ထို့နောက် မြို့နယ်ကော်မရှင် အတွင်းရေးမှူး ဦးခင်မောင်ဇော်၊ အဖွဲ့ဝင်များဖြစ်ကြသည့် မြို့နယ်ပညာရေးမှူး ဒေါ်မြလွင်၊ ဥပဒေအရာရှိ ဦးမြင့်ဆွေနှင့် လဝကဦးစီးမှူးဦးအန်ယင်းတို့က ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များကို ရှင်းလင်းပို့ချကြသည်။ (မြို့နယ် ပြန်/ဆက်)

ပြည်တွင်းအခွန်များဦးစီးဌာန ပဲခူးတိုင်းအခွန်ဦးစီးဌာနက ကြီးမှူး၍ စာရေးဝန်ထမ်း အရည်အချင်းမြှင့် မွမ်းမံသင်တန်းအမှတ်စဉ် (၃/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို တောင်ငူမြို့ ခရိုင်ဦးစီးဌာနရုံးခန်းမဆောင်၌ ဇွန်၁၄ရက်က ကျင်းပရာ အခမ်းအနားမှူးအဖြစ် တောင်ငူမြို့နယ် အခွန်ဦးစီးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်နော်ထဲလယ်ဖောက ဆောင်ရွက်ပြီး ပဲခူးတိုင်း အခွန်ဦးစီးမှူး ဦးထွန်းထွန်းအောင်က အဖွင့်အမှာစကား ပြောကြားစဉ်။ (ဝ၅၂)

မိုးကောင်း၌ စီမံကိန်းတာဝန်ပေးအပ်

မိုးကောင်း ဇွန် ၂၅

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ၂၀၁၀-၂၀၁၁ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲကို ဇွန် ၂၁ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လင်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဒေါ်အိအိရွှေက စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စီမံကိန်းဦးစီးအရာရှိတို့က ဌာနဆိုင်ရာ တာဝန်ရှိသူများအား စီမံကိန်းရည်မှန်းချက်များ ပေးအပ်ကြသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုး၌ သစ်ပင်စိုက်ပျိုး

လားရှိုး ဇွန် ၂၅

၂၀၁၀ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ရန်တိုင်းအောင်စေတီဘုရားကုန်းတွင် ဇွန် ၂၄ရက် နံနက်၈နာရီက ကျင်းပသည်။

ပျိုးပင်များဝေငှ

အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုချိုဟန်က အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် အခမ်းအနားတက်ရောက်သူများအား စိုက်ပျိုးမည့် ပျိုးပင်များကိုဝေငှပေးသည်။

(အပေါ်ပုံ)

စုပေါင်းစိုက်ပျိုး

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ပျိုးပင်များ စုပေါင်းစိုက်ပျိုးကြသည်။

ဝိုင်းဝန်းကူညီ

အဆိုပါပျိုးပင်များကို ပြည်နယ်သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်နှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးလှဦးတို့၏ ကြီးကြပ်မှုဖြင့် သစ်တောဦးစီးဌာန ဝန်ထမ်းများက သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် မဲဇလီ၊ ခါတော်မီ၊ ရေသင်းဝင်၊ ပိတောက်၊ ခရေနှင့် ကံ့ကော်ပင် စုစုပေါင်း ၁၅၀၀ စိုက်ပျိုးကြသည်။

(ပြည်နယ် ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မြဝတီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပညာရေးဌာနနှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်းကျင်းပသည့် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ဇွန် ၂၂ရက်က အထက မြဝတီကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးလေးစိုး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး(အထူး)အဖွဲ့မှ ဒုတိယရဲမှူးစိုးဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်မြမြသီနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ရင်ရှိန်တို့က ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများအား ကြည့်ရှုအားပေးကြစဉ်။ (၁၀၁)

ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၅

WISE International School For Executives က ကြီးမှူး၍ Retail Planning and Management Seminar ကို ဇွန်၂၇ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီမှ ညနေ၄နာရီအထိ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းနှင့် ရွှေဂုံတိုင်လမ်းရှိ ယုဇနတာဝါ(၁၀)လွှာရှိ အခန်းအမှတ်၁၀၀၉ ၌ ပြုလုပ်မည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဖုန်း-၅၅၆၁၈၃၊ ၀၉- ၅၁-၅၇၀၃၂ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကယားပြည်နယ် ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ငူးပသော့-၂ လမ်း မြို့ပြကျောက်ချောခင်းခြင်း ပေ ၂၂၀၀၊ ၁၂ ပေ လုပ်ငန်းကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင်ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၈ ရက်က ကျိုင်းတုံမူးယစ်(အထူး)အဖွဲ့ရုံးခန်းမ၌ ကျင်းပစဉ်။ (ပြည်နယ် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူပွဲအခမ်းအနားကျင်းပ

ဟားခါး ဇွန် ၂၅

၂၀၁၀ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲက ချင်းပြည်နယ် ဟားခါးမြို့ ဝမ္မသူးမောင် အားကစားဥယျာဉ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားသို့ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်သင်းသင်းထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပြည်နယ်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက ၂၀၁၀ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(ပြည်နယ် ပြန်/ဆက်)

တိုက်ကြီးမြို့ ဖောဓိကုန်းရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းနေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) သူရဦးမြင့်သူ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

စစ်ကိုင်းတိုင်း၊ အင်းတော်မြို့နေ ဦးတင်လှိုင်-ဒေါ်သောင်းညွန့်
(ရွှေခြင်္သေ့ပညာရေးဝန်ဆောင်မှု) တို့၏သား

ဒေါက်တာမြင့်ဦးလှိုင်

M .B., B.S(Mdy)

နှင့်

ဘားအံမြို့နေ ဗိုလ်မှူးချုပ်ဇော်မင်း(ဥက္ကဋ္ဌ၊ ကရင်ပြည်နယ်၊
အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)-ဒေါ်ညွန့်ညွန့်ဝေ(အထပြ-ငြိမ်း)
တို့၏သမီး

ဒေါက်တာနှင်းဝေဇော်

M .B., B.S(Mdy)

တို့၏ ၅-၆-၂၀၁၀ရက်တွင် ဇွဲကပင်ပြည်နယ်ခန်းမ(ဘားအံမြို့)၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဇနီးဒေါ်မြင့်မြင့်စိုးအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးခဲ့ကြသော စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့် ဇနီးများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ခဲ့ကြသော အကြီးအကဲများနှင့်ဇနီးများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားနှင့် ၄-၆-၂၀၁၀ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲနှင့် စုလျားရစ်ပတ်လက်ထပ်ပွဲ၊ ၄-၆-၂၀၁၀ရက် နေ့လယ်ပိုင်းတွင် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း(ဘားအံမြို့)တွင် ကျင်းပခဲ့သော မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနားနှင့် ၅-၆-၂၀၁၀ရက် ညနေပိုင်းတွင် ဟိုတယ်ဇွဲကပင်၌ ကျင်းပခဲ့သော မင်္ဂလာညစာစားပွဲအခမ်းအနားတို့ကို အောင်မြင်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော လူကြီးမင်းများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် တက်ရောက်ချီးမြှင့်ခဲ့ကြသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၁၄-၆-၂၀၁၀ရက်တွင် အင်းတော်မြို့ အထက ရွှေရတုခန်းမတွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အားလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာမြင့်ဦးလှိုင်-ဒေါက်တာနှင်းဝေဇော်။

လက်ထပ်မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ(ဦးအောင်စိန်မြင့်)-ဒေါ်အောင်ကြည်နှင့် (ဗိုလ်ချုပ်ဖေမြိုင်၊ ငြိမ်း-ဒေါ်တင်အေး) တို့၏မြေး
ဦးအောင်ဝင်းသိန်း(ခ)ကိုလေး-ဒေါ်အေးအေးခိုင်(ခ)မခိုင်
တို့၏ တစ်ဦးတည်းသောသား

မောင်ဟိန်းသုအောင်(ခ)ဖိုးသား

B.E (Naval Architecture & Ocean Engineering)(MMU),
SMIT Singapore Pte., Ltd.

နှင့်

ရန်ကုန်မြို့နေ(ဦးသန်းတင်)-ဒေါ်သန်းတင်နှင့် ဒေါက်တာဦးကိုကို(WHO)-(ဒေါ်ခင်ညွန့်ညွန့်)
တို့၏မြေး
ဒေါက်တာဦးတင်ဦး(ခွဲစိတ်အထူးကုဆရာဝန်ကြီး)-ဒေါ်ချိုချို
တို့၏ တစ်ဦးတည်းသောသမီး

မချိုသွယ်ဦး(ခ)ပေရယ်ဦး

B.A(French)(YUFL), D.A(UK),ACCA(Part II)

တို့၏ ၁၈-၆-၂၀၁၀ရက်(သောကြာနေ့)တွင် Park Royal Hotel(Grand Ballroom-3) ၌ ကျင်းပပြီးစီးသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်၊ တက်ရောက်ချီးမြှင့်အပ်ပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၀-၆-၂၀၁၀ရက်(တနင်္ဂနွေနေ့)တွင် Sedona Hotel(Grand Ballroom)၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ မေတ္တာများဖြင့် တက်ရောက်ချီးမြှင့်အပ်ပါသော မိဘဆရာသမားများ၊ နှစ်ဖက်သောဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအား လည်းကောင်း၊ ၂၀-၆-၂၀၁၀ရက်(တနင်္ဂနွေနေ့)တွင် M-3 Food Centre ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညစာစားပွဲနှင့် ၂၂-၆-၂၀၁၀ရက် (အင်္ဂါနေ့)တွင် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ ကျင်းပပြီးစီးသော မင်္ဂလာဆွမ်းကျွေးပွဲသို့ တက်ရောက် ချီးမြှင့်ပေးကြပါသော မိဘဆွေမျိုးသင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအသီးသီးကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မေတ္တာဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ပေးကြပါသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဟိန်းသုအောင်-မချိုသွယ်ဦး။

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ တိုက်အမှတ် ၂၆၊ အခန်းအမှတ်-၄(B) ဟုခေါ်တွင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရောင်းချပိုင်ဆိုင်ခွင့်ရှိသူ ဦးညီညီလွင် ၁၀/မလမ(နိုင်)၀၇၃၆၆၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးကြိုတင်ပေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းရောင်းချခြင်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ သို့မဟုတ် ရောင်းသူ၌ ရောင်းချပိုင်ခွင့်မရှိကြောင်း ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါရှိသည့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော တရားဝင်စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အထက်ပါအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ တရားဝင်အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ထူးထူးလွင်(B.Sc, H.G.P., D.B.L., D.M.L.)
ဥပဒေအကျိုးဆောင်နှင့်
ကုမ္ပဏီဥပဒေအကြံပေး
ရုံး-အမှတ် ၄၆၊ ပထမထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
အိမ်-အမှတ် ၁၊ ပဉ္စမထပ်၊
ရန်အောင်လမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁-၅၃၆၃၁၈၊ ၀၉-၅၀-၀၉၈၉၃၊ ၀၉-၈၆-၂၈၁၅၂။

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ချောက်မြို့၊ အမှတ်(၆)နယ်မြေ၊ လမ်းမတော်၊ အောင်မြေရပ်ကွက်နေ
ဦးသန်းစိန်(ကုန်သွယ်/လယ်ယာ၊ငြိမ်း)-ဒေါ်တင်တင်ထွေး(မြို့နယ်သူနာပြုအရာရှိ၊ငြိမ်း၊
ပြည်သူ့ဆေးရုံ၊ ချောက်) (သီရိရတနာမင်္ဂလာခန်းမ) တို့၏သား

မောင်ကျော်ခိုင်မင်း B.Sc(Hons)(Geology)

West London Business College London(UK)

နှင့်

ချောက်မြို့၊ အမှတ်(၉)နယ်မြေ၊ ဈေးရပ်နေ
ဒေါက်တာငွေးမောင်-ဒေါ်ရီရီမြင့် တို့၏သမီးငယ်
မယုယမေ B.C.Sc(Hons)Diploma in Accounting London(UK)၏ ညီမ၊
မောင်ဇွဲမာန်အောင် IDSCNCC (UK) Diploma in Hotel Management London(UK)၏ အစ်မ

မသုခမေ(ခ)ခခ B.C.Sc(Hons)

IADNCC(UK);NVQ Level-3 London(UK)

တို့သည် London မြို့၌ နှစ်ဖက်သောမိဘများ၏ခွင့်ပြုချက်အရ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ခိုင်မင်း-မသုခမေ။

လက်ထပ်ပြီးစီးခြင်း

စစ်ကိုင်းတိုင်း၊ အေးမြဝတီရပ်နေ ဒေါ်ခင်မြတ်ကြည်၏ မြေး၊
စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ စိတ္တသုခလမ်း၊ ခြံအမှတ် ၁၈/၂၀ နေ
(ဦးနေဒေါင်း၊ ညွှန်ကြားရေးမှူး၊ ဆည်မြောင်း၊ ငြိမ်း)-ဒေါ်ခင်စမ်းယဉ် တို့၏သား၊
မောင်နေမျိုးဦး(ခေတ္တစင်ကာပူ)၏ညီ၊ မနေနွယ်ယဉ်၏အစ်ကို

မောင်နေဇော်လတ် B.E (Electronic)

နှင့်

သိမ်ဖြူရပ်မြို့၊ နဝရတ်အိမ်ရာနေ ဦးချစ်တင်(အလုပ်ရုံစုမှူး၊ လျှပ်စစ်ဌာန၊
စစ်တောင်းစက္ကူစက်၊ ငြိမ်း)၏ မြေး၊
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊
သုခမလမ်း၊ အမှတ် ၈၄ နေ (ဦးစိုးတင့်-ဒေါ်မြင့်သန်း)တို့၏သမီး

မမြကေသွယ် B.A(IR)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၈-၆-၂၀၁၀ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့ Tokyo To, Itabashi-Ku, Nakacho 39-1 ရှိ (MCWA) ခန်းမ၌ လက်ထပ်ပြီးစီး၍ မြန်မာဘုန်းတော်ကြီးကျောင်းတွင် မင်္ဂလာဆွမ်းကျွေးပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နေဇော်လတ်-မမြကေသွယ်။
(ခေတ္တဂျပန်)

လားရှိုးမြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်

လားရှိုး ဇွန် ၂၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ် ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်သင်တန်းကို ဇွန်၂၀ရက် နံနက်ရနာရီခွဲက အထက (၆) ကမ္ဘောဇခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မောင်ရွှေက အမှာစကားပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီ မှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ ခရိုင်ကော်မရှင် အဖွဲ့ခွဲဝင် ဦးလှငွေးက ခရိုင်ကော်မရှင် အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်ကိုလည်းကောင်း၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင် ဦးဝင်းမောင်က လွှတ်တော်(၃)ရပ် ဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းဇော်မင်းက မြို့နယ်/ရပ်ကွက်နှင့် ကျေးရွာအုပ်စုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်လုပ်ငန်းလမ်းညွှန် တို့ကိုလည်းကောင်း ပို့ချကြသည်။

ထို့အတူ ဇွန်၂၀ရက်ကလည်း လားရှိုးမြို့နယ်အတွင်း နမ့်ပေါင်ကျေးရွာအုပ်စု၊ မိုင်းယော်အုပ်စုများတွင်လည်း သင်တန်းများ ဖွင့်လှစ်ခဲ့သည်။ (ခရိုင် ပြန်/ဆက်)

လက်ထပ်မင်္ဂလာဧည့်ခံပွဲပြီးစီးခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ FMI City နေ
ဗိုလ်မှူးလှကြိုင်(ငြိမ်း)လက်ထောက်ညွှန်ကြားရေးမှူး၊
နယ်စပ်/စည်ပင်ဝန်ကြီးဌာန၊ နေပြည်တော်-ဒေါ်သိန်းသိန်းငွေးတို့၏သား

မောင်ဆန်းဗိုလ်ဗိုလ်ဦး

B.E(Mechanical)(YIT)

ဌာနစိတ်မှူး၊ ဓနိတော/ပင်မ၊ MPPE၊ စွမ်းအင်ဝန်ကြီးဌာန

နှင့်

ရန်ကုန်မြို့နေ ဒေါ်ခင်ဆွေ(အထက-၁၊ ဒေါပုံ)
ကျောက်တန်းမြို့နယ်၊ တံတားမြို့နေ
ဦးအေးသွင်-ဒေါ်ခင်အေးကြူ တို့၏သမီး

မဖြူသွင်ဦး

B.B.A(YIE)

စိစစ်ရေးမှူး-၂၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ဘဏ္ဍာ/အခွန်၊ နေပြည်တော်

တို့သည် နှစ်ဖက်သော မိဘများ၏သဘောတူခွင့်ပြုချက်အရ ၁၇-၆-၂၀၁၀ရက်တွင် လက်မှတ်ရေးထိုးပြီးပါ၍ ၂၀-၆-၂၀၁၀ရက် (တနင်္ဂနွေနေ့) Dolphin ခန်းမ၌ နှစ်ဖက်သောမိဘဆွေမျိုးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ မိတ်ဆွေသူငယ်ချင်းများ၏ရှေ့မှောက်၌ မင်္ဂလာဧည့်ခံပွဲကျင်းပပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဆန်းဗိုလ်ဗိုလ်ဦး-မဖြူသွင်ဦး။

သစ်ပင်စိုက်ပျိုးပွဲ ပေါက်မြို့နယ်၌ကျင်းပ

ပေါက် ဇွန် ၂၅

ပေါက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ် သစ်တောဦးစီးဌာနနှင့် စိမ်း/စိုဦးစီးဌာနတို့ ပူးပေါင်းပြီး သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၉ရက် နံနက် ၇နာရီက ပေါက်-ပခုက္ကူကားလမ်းဘေးရှိ ဖိုးဖြူလုံးကန်ရွာ၌ ကျင်းပရာ ကျေးရွာပြည်သူ၂၀၀၊ ဌာနဆိုင်ရာများ ၇၀နှင့် လူမှုရေးအသင်းအဖွဲ့များမှ၅၀တို့ တက်ရောက်စိုက်ပျိုးပေးကြပြီး စုစုပေါင်းအပင် ၃၀၀၀ ကျော် စိုက်ပျိုးဆောင်ရွက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ကျီခါး၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ကျီခါး ဇွန် ၂၅

ကျီခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန်၂၀ရက်က အမှတ်(၁)ရပ်ကွက် ဗိုလ်ချုပ်လမ်း လမ်းဘေးဝဲယာ ရေမြောင်းတူးဖော်ခြင်း၊ အမှိုက်များရှင်းလင်းခြင်းကို အဖွဲ့ဝန်ထမ်းများနှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး မေ ၁၅ရက်က ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဈေးမီးဘေးလုံခြုံရေးအတွက် မီးသတ်ရေလှောင်ကန်၊ မီးသတ်ရေစုပ်စက်၊ မီးသတ်ဆေးဘူး တပ်ဆင် ဆောင်ရွက်မှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် အဖွဲ့ ဇွန် ၁၆ရက်က ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတိပေးဆိုင်းဘုတ်များချိတ်ဆွဲ ထားရှိမှုနှင့် ဈေးမီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ခြင်း သရုပ်ပြ လေ့ကျင့်မှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဖယ်ခုံမြို့ မြို့မဈေးအတွင်း ဈေးမီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲကို မေ ၁၄ရက်က မြို့မဈေး ယာဉ်ရပ်နားကွင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကပ်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဖေ၊ ဌာနဆိုင်ရာများ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများ တက်ရောက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြို့တွင်းလမ်းဖြစ်သော ဘုရားလမ်းမကြီးအား ကတ္တရာဖြင့် ပြုပြင် ဖာထေးခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိဦးငွေးနိုင် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းမိသားစုများ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန်၅ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးက ကျောင်းသားတစ်ဦးအား ပညာသင်စရိတ်ပေးအပ်စဉ်။ (ပညာရေး)

အမည်မှန်

တောင်ကြီးမြို့ အထက(၄) ဆဋ္ဌမတန်း(ဂ)မှ မဖြတ်ဖြိုးဖြိုး၏ အမည်မှန်မှာ မဖြတ်ဖြိုးဖြိုး ဖြစ်ပါကြောင်း။

မဖြတ်ဖြိုးဖြိုး။

ဖခင်အမည်မှန်

မြိတ်မြို့ အထက(၄) သတ္တမတန်း (A)မှ မောင်အောင်ကျော်ကျော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးတင်ဝင်း ဖြစ်ပါကြောင်း။

ဦးတင်ဝင်း ၆/ဘပန(နိုင်)၀၁၈၈၂၈။

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးညွန့်ဝေ၏သား ညောင်လေးပင်မြို့ အထက(၁) နဝမတန်း(B)မှ မောင်ကျော်မင်းသက်အား မောင်ကျော်မင်းသက်(ခ) မောင်လှိုင်မင်းသန့်ဟု ဖြည့်စွက်ခေါ်ပါရန်။

မောင်ကျော်မင်းသက်(ခ)မောင်လှိုင်မင်းသန့်

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချခဲ့သော (စက်မှုမြေကွက်/အိမ်ရာစီမံကိန်းမြေကွက်/တိုက်ခန်း)

ဝယ်ယူထားသူများသိရှိရန်

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အရစ်ကျငွေပေးသွင်းသောစနစ်ဖြင့် ရောင်းချခဲ့သော (စက်မှုမြေကွက်၊ အိမ်ရာစီမံကိန်းမြေကွက်၊ တိုက်ခန်း)များ၏ ကျသင့်တန်ဖိုးပေးသွင်းရန် ကျန်ရှိသူများသည် ၃၁-၁-၂၀၁၀ရက် နောက်ဆုံးထား၍ ငွေအကျေပေးသွင်းရမည်ဖြစ်ကြောင်း ၂၇-၁၂-၂၀၀၉ရက်၊ ၂၈-၁၂-၂၀၀၉ရက်၊ ၂၉-၁၂-၂၀၀၉ရက်၊ ၆-၁-၂၀၁၀ရက်၊ ၇-၁-၂၀၁၀ရက်နှင့် ၈-၁-၂၀၁၀ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် သုံးရက်ဆက်တိုက် နှစ်ကြိမ်ကြော်ငြာခဲ့ရာ အချို့ကျန်ငွေများကို လာရောက်ပေးသွင်းလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ငွေအကျေပေးသွင်းရန် ကျန်ရှိသူများအနေဖြင့် ၃၁-၈-၂၀၁၀ရက် နောက်ဆုံးထား၍ ပေးသွင်းကြပါရန် (နောက်ဆုံးအကြိမ်)အဖြစ် ထပ်မံအသိပေး နှိုးဆော်အပ်ပါသည်။ သတ်မှတ်ရက်အတွင်း ပေးသွင်းခြင်းမရှိသော (စက်မှုမြေကွက်၊ အိမ်ရာစီမံကိန်းမြေကွက်၊ တိုက်ခန်း)များကို မြေကွက်လွတ်၊ အခန်းလွတ်များအဖြစ် ပြန်လည်သတ်မှတ်၍ ငွေတစ်လုံးတစ်ခဲတည်း အကျေပေးသွင်းဝယ်ယူမည့် လျှောက်ထားသူများကို ပြန်လည်ရောင်းချသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

တနင်္သာရီတိုင်းတရားရုံး၊ ၂၀၀၉ ခုနှစ် တရားမဇာရီမှုအမှတ်-၄

မန်နေဂျာ	**နှင့်**	၁။	ဦးလှသိန်း
မြန်မာ့စီးပွားရေးဘဏ်၊ မြိတ်မြို့။		၂။	ဒေါ်ခင်စန်းမြင့်
တရားနိုင်			**တရားရှုံးများ**

တနင်္သာရီတိုင်းတရားရုံး၏ ၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၉ တွင် ရရှိခဲ့သော ဒီကရီအရ အောက်ပါပစ္စည်းကို ၂၀၁၀ခုနှစ် ဇူလိုင် ၂၈ရက် (၁၃၇၂ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

တရားရှုံးများပိုင်ဆိုင်သော မြိတ်မြို့၊ မြိတ်တောင်နယ်မြေ၊ မြို့သစ်ရပ်၊ အကွက်အမှတ် ၁၂၊ ကွင်းအမှတ် ၃၉(စ) ဘုရားကိုင်၊ ဦးပိုင်အမှတ်-၆၄၊ မြေချိန်ဇရိယာ ၀ဒသမ ၀၄၆၈ကေရှိ နှစ် ၃၀ မြေငှားဂရန် မြေတစ်ကွက်နှင့် ၎င်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နှစ်ထပ်တိုက်တစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၄၀။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရှိသမျှသာဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချရာတွင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်ရက်တွင် တရားရုံး၌ အပြေအကျေပေးသွင်းရမည်။ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသော လေလံငွေများကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၀ခုနှစ် ဇွန် ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်အောင်

တိုင်းတရားသူကြီး၊ တနင်္သာရီတိုင်းတရားရုံး။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော် ပုဗ္ဗသီရိမြို့နှင့် ဇမ္ဗူသီရိမြို့တို့တွင် နေရာချထားမည့် Hotel, Shopping Mall, Shopping Complex နှင့် ဇီဝကဆေးဆိုင်ခန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

ပုဗ္ဗသီရိမြို့

၁။ မြို့နယ်အုပ်ချုပ်ရေးရုံးအနီးတွင် အောက်ပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းလုပ်ကိုင်ခွင့်အား စိစစ်ခွင့်ပြုပါမည်-

(က) Hotel လုပ်ငန်း၊

(ခ) Shopping Mall လုပ်ငန်း၊

(ဂ) Shopping Complex လုပ်ငန်း၊

(ဃ) ဇီဝကဆေးဆိုင်ခန်းများဆောက်လုပ်ခြင်း၊ ဆောက်လုပ်ပြီး ဆိုင်ခန်းများအား ရောင်းချခြင်းလုပ်ငန်း။

ဇမ္ဗူသီရိမြို့

၂။ သပြေကုန်းဈေး တောင်ဘက်နှင့် ရှိုင်းရယ်မြန်မာ ဂေါက်ကွင်းကြားတွင် ဇီဝကဆေးဆိုင်ခန်းများ ဆောက်လုပ်လျက်ရှိရာ ဆိုင်ခန်းတစ်ခန်းလျှင် ပေ(၄၀×၆၈) အကျယ်နှစ်ထပ်ဖြစ်ပြီး နှစ်ခန်းတွဲ RC အဆောက်အအုံများပါဝင်၍ ဆေးဝါးနှင့်ပတ်သက်သော အောက်ပါလုပ်ငန်းများ ဆောင်ရွက်နိုင်ပါသည်-

(က) အထူးကုဆေးခန်းများဖွင့်လှစ်ခြင်းလုပ်ငန်း၊ (သွား၊ ခံတွင်း၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရိုး/အကြော စသည်ဖြင့်)

(ခ) အပေါ်ထပ်တွင် စမ်းသပ်ခန်းများ၊ နားနေခန်းများ၊ ရုံးခန်းများပါရှိပါသည်။

(ဂ) အောက်ထပ်တွင် ဆေးနှင့် ဆေးပစ္စည်းများ ရောင်းချနိုင်ပါသည်။

၃။ စိတ်ပါဝင်စားသူများသည် မြေပြင်တွင်လာရောက်လေ့လာကြည့်ရှုပြီး အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်-

ပုဗ္ဗသီရိမြို့မြေကွက်များအတွက်- ၀၆၇-၄၁၄၆၁၀၊ ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊

ဇီဝကဆေးဆိုင်ခန်းများအတွက်- ၀၆၇-၄၁၄၂၉၃၊ ၀၆၇-၄၁၄၂၉၅။

အမည်ပြောင်း

အဖ ဦးစိုးဝင်းနိုင်၏သမီး ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ် အထက(၂) လသာ တက္ကသိုလ်ဝင်တန်းမှ မရွှန်းလဲ့ရည်အား မရွှန်းလဲ့ရည်ထွန်းဝင်းဟု ပြောင်းလဲခေါ်ပါရန်။

နေရာကောင်းရောင်းမည်

(ဃ)ရပ်ကွက်၊ ခေမာသီလမ်းမကြီး၊ အဝိုင်းအနီး၊ မြောက်ဥက္ကလာ ပေ(၂၀×၆၀)ဂရန်၊ အိမ်၊ ရေ၊ မီးအစုံ၊ စီးပွားရေးလုပ်ရန်ကောင်း။

ဖုန်း-၀၁-၇၀၇၀၆၆။

ယာဉ်မှတ်ပုံတင်စာအုပ်လျှောက်ထားခြင်း

ယာဉ်အမှတ် မက/၄၁၅၇၃ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်း ၈/တတက(နိုင်)၀၈၂၇၅၈ ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဦးစီးမှူးရုံး၊ မကွေး။**

ရောင်းမည်

ဥယျာဉ်ခြံမြေ ၉ဒသမ ၅၈ဧက၊ ကျပ်သိန်း၂၅၀၊ ငမိုးရိပ်ချောင်းကမ်းနားဘေး၊ နှုတ်ခမ်းမွှေးသိုက်မှတ်တိုင်၊ လှည်းကူး-ဖောင်ကြီးကားလမ်းမအနီး။ **ဆက်သွယ်ရန်-ဦးတွံဟိန်း ဖုန်း-၇၀၀၇၇၂။**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၁၂၃၆၈၄ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းဦး ၅/ရဘန(နိုင်) ၁၇၄၁၉၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ ရွှေဘိုမြို့။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် သ/၆၅၈၉ Nissan Atlas BF-22 P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ဆွေ ၉/မနတ(နိုင်)၀၁၃၅၁၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၉၇၁၁၉ Jialing ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသန့် ၉/မသန(နိုင်)၀၅၇၄၃၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၀၄၃၀ Hensim ယာဉ်လက်ဝယ်ရှိသူ ဦးစံသိန်း ၁/ကမန(နိုင်)၀၂၃၀၉၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ရမည်းသင်းမြို့နယ် ကတင်ကျေးရွာအနီး အောင်မြင်ဖြစ်ထွန်းနေသော ငွေချည် (၆) ချည်မျှင်ရှည်ဝါစိုက်ခင်းကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ရသည်။

စီးပွားရေးတွက်ခြေကိုက်သော ငွေချည်(၆) ချည်မျှင်ရှည်ဝါ

ရမည်းသင်းမြို့နယ်တွင် ကေအမြောက်အမြား စိုက်ပျိုး

သတင်းခရီးသည် ➤ မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း ➤ မျိုးမင်းသိန်း(မရမ်းကုန်း)၊ စာမျက်နှာဖွဲ့စည်းမှု ➤ လှဲ့လှဲ့ဝင်း(မြန်မာ့အလင်း)

ရမည်းသင်း ဇွန် ၂၅

မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် မိုးနည်းရပ်ဝန်းဒေသဖြစ်သည့်အလျောက် အဓိကစိုက်ပျိုးဖြစ်ထွန်းသော သီးနှံမှာ ဝါသီးနှံဖြစ်သည်။ ဒေသနေ တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းပြီး စီးပွားရေးတွက်ခြေကိုက်သည့် ငွေချည်(၆) ချည်မျှင်ရှည်ဝါကို တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးလာကြသည်။

စာမျက်နှာ ၉ ကော်လံ ၂ ✻

ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဇွန် ၂၅

ယနေ့ နံနက် ၅နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလား ပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်အားကောင်းလာနိုင်ခြင်း ရှိ မရှိ စောင့်ကြည့်လျက်ရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)